# တခန်းရပ် မြန်မာ့ပြုပြင်ပြောင်းလဲရေးနှင့် အမုန်းစကားဝဲဂယက်

## အရပ်သားအစိုးရလက်ထက် အမုန်းစကားဆိုင်ရာ ကိုင်တွယ်မှုနှင့် အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း ပြောင်းလဲလာသောအခြေအနေများကို လေ့လာခြင်း



Equality Myanmar

stefanus alliance international

ရေးသားသူ - ပိုင်သက်

# မာတိကာ

**အနှစ်ချုပ်သုံးသပ်ချက်**......6

**အခန်း (၁) အမုန်းစကား**......8

**အခန်း (၂) မြန်မာနိုင်ငံ၏ အမုန်းစကားဆိုင်ရာ နောက်ခံအခြေအနေ**......13

**အခန်း (၃) အရပ်သားအစိုးရလက်ထက် အမုန်းစကားဆိုင်ရာ အခြေအနေ**......20

*၃.၁ အမုန်းစကားအပေါ် အစိုးရ၏ နားလည်သဘောပေါက်မှု*......20

*၃.၂ လွှတ်တော်တွင်း ကြိုးပမ်းမှု*......24

*၃.၃ အမုန်းစကားဆိုင်ရာဥပဒေမူဘောင်*......25

*၃.၄ အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများအပေါ် ကိုင်တွယ်မှု*......27

*၃.၅ အရပ်သားအစိုးရလက်ထက် ပျံ့နှံ့နေသော အမုန်းစကားဆိုင်ရာ ယေဘုယျတွေ့ရှိချက်*......31

*၃.၆ အစိုးရပြောသော အမုန်းစကားများ*......32

**အခန်း (၄) စစ်တပ်ကအာဏာသိမ်းရန် ကြိုးစားပြီးနောက် အမုန်းစကားဆိုင်ရာအခြေအနေ**......34

*၄.၁ အစွန်းရောက်ဝါဒမှိုင်းဖြန့်ချိမှုနှင့် ခြိမ်းခြောက်မှုများ*......35

*၄.၂ စစ်တပ်၏ ဒေါက်တိုင်များ ခေါင်းထောင်လာခြင်း*......40

*၄.၃ အစွန်းရောက်၊ အကြမ်းဖက် အဖွဲ့အစည်းများ ထွက်ပေါ်လာခြင်း*......43

*၄.၄ အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် အမုန်းစကားများအပေါ် ယေဘုယျတွေ့ရှိချက်*......46

**အခန်း (၅) နိဂုံး**......50

# ကျေးဇူးတင်အသိအမှတ်ပြုခြင်း

ဤအနှစ်ချုပ်စာတမ်းကို ရေးသားပြုစုရာတွင် အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်သည့် သမိုင်းနောက်ခံအချက်အလက်များကို ကောက်ယူစစ်ဆေးရာတွင် ကူညီဖြည့်ဆည်းပေးသလို အကြံဉာဏ်များပေးခဲ့သည့် Olive အဖွဲ့၊ လူမှုမီဒီယာနှင့် Telegram မှ အမုန်းစကားများကို စောင့်ကြည့်လေ့လာတွေ့ရှိထားသော အချက်အလက်များကို သုံးစွဲခွင့်ပေးခဲ့သည့် ပြည်တွင်းအခြေစိုက် သုတေသနအဖွဲ့အစည်းတခု၊ သုတေသနအတွက် အင်တာဗျူးဖြေဆိုပေးခဲ့သည့် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များ၊ စာတမ်းရေးသားရာတွင် လိုအပ်သည့်အပိုင်း၌ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် သုတေသီအချို့တို့ကို ကျေးဇူးဥပကာရတင်ရှိကြောင်း အလေးအနက် ထုတ်ဖော်ပြောကြားလိုပါသည်။

# သုတေသနရည်ရွယ်ချက်နှင့်နည်းလမ်း

ဤအနှစ်ချုပ်စာတမ်းကို မူလက အရပ်သားအစိုးရလက်ထက် “အမုန်းစကား”အရေး ကိုင်တွယ်မှုကို လေ့လာသုံးသပ်ရန် ရည်ရွယ်ချက်ဖြင့် ရေးသားပြုစုခဲ့သော်လည်း ပြုစုနေချိန်တွင် စစ်တပ်က တရားမဝင် အာဏာသိမ်းရန်ကြိုးပမ်းခဲ့သောကြောင့် စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်းကာလ “အမုန်းစကား”ဆိုင်ရာ အခြေအနေကိုပါ ဆက်လက်၍ တွဲဖက်လေ့လာသုံးသပ်ခဲ့သည်။

ဤအနှစ်ချုပ်စာတမ်းကို ရေးသားပြုစုရာတွင် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ အခြေအနေများနှင့်ပတ်သက်၍ အရပ်သားအစိုးရလက်ထက်၌ အစိုးရ၏ ထုတ်ပြန်ချက်များ၊ မှတ်တမ်းများ၊ လူမှုမီဒီယာပေါ်မှ တရားဝင်ကြေညာချက်များ၊ တရားဝင်ဝက်ဆိုက်များပေါ်မှ ကြေညာချက်များနှင့် မှတ်တမ်းများ၊ လွှတ်တော်ဝက်ဆိုက်များမှ မှတ်တမ်းများ၊ အမှီအခိုကင်းသော မီဒီယာများ၏ ဖော်ပြချက်များ၊ ပြည်တွင်းအခြေစိုက်သုတေသနအဖွဲ့အစည်းတခု၏ “အမုန်းစကား”ဆိုင်ရာ ကောက်ယူတွေ့ရှိချက်များကို လည်းကောင်း၊ စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက် တော်လှန်ရေးကာလအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အခြေအနေများနှင့်ပတ်သက်၍ စစ်တပ်၏ လှုပ်ရှားမှုများနှင့် ပတ်သက်သည့် အမှီအခိုကင်းသော မီဒီယာဖော်ပြချက်များ၊ စစ်တပ်၏ ဝါဒဖြန့်ချိရေးနှင့် စစ်တပ်လက်ဝေခံမီဒီယာများ၏ ဝါဒဖြန့်ချိမှုများ၊ ပြည်တွင်းအခြေစိုက်သုတေသနအဖွဲ့အစည်းတခု၏ “အမုန်းစကား” ဆိုင်ရာကောက်ယူတွေ့ရှိချက်များ၊ တော်လှန်ရေးကာလအတွင်း သုတေသနအဖွဲ့များက ထုတ်ဝေသည့် အစီရင်ခံစာများနှင့် သက်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ကောက်ယူခဲ့သည်။ သုတေသနကာလအနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့ မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တကြိမ်၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ထိ တကြိမ်၊ နှစ်ပိုင်းခွဲ၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုပြုလုပ်ခဲ့သည်။ လူမှုမီဒီယာနှင့် Telegram ပေါ်ရှိ “အမုန်းစကား”များကို ကိုယ်တိုင် အချိန်နှင့်တပြေးညီ (real–time) စောင့်ကြည့်ခြင်း မပြုလုပ်ခဲ့ဘဲ “အမုန်းစကား”ဆိုင်ရာအစီရင်ခံစာများ၊ အထူးသဖြင့် ပြည်တွင်းအခြေစိုက်အဖွဲ့အစည်းတခု၏ ပုံမှန်တွေ့ရှိလေ့လာချက်များကို အဓိကအခြေခံထားသည်။ “အမုန်းစကား”နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ မူဝါဒများ၊ စံနှုန်းများနှင့်ပတ်သက်၍ နယ်ပယ်အလိုက်ပညာရှင်သုံးဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့နောက် အချက်အလက်များကို ကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်မှုလုပ်ဆောင်ခဲ့သည်။

ယခုအနှစ်ချုပ်စာတမ်းသည် “အမုန်းစကား”သီးသန့်တွေ့ရှိတင်ပြချက်မဟုတ်သောကြောင့် မူရင်း post များ၏ screenshot များကိုထည့်သွင်းမထားပါ။ အချို့သောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏အမည်များကိုလည်း လုံခြုံရေးအရ ဖော်ပြမထားသလို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်း နိုင်ငံရေးအခြေအနေကြောင့် အချို့သော သတင်းမီဒီယာများနှင့် လွှတ်တော်ဝက်ဆိုက်များသည် ဆက်လက်မလွှင့်တင်တော့ခြင်း၊ အချို့သော အချက်အလက်များကို ပြန်လည်ဖြုတ်ချခြင်းများ ရှိခဲ့သည်ကို တွေ့ရှိရသည်။

# စကားချီး

လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်များ၊ လူသားဝါဒနှင့် အခြေခံလူ့ကျင့်ဝတ်များ၊ ဘာသာရေးဆိုင်ရာ ဆိုဆုံးမမှုများ စသည်တို့သည် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းခြင်း၊ တန်းတူညီမျှခြင်း၊ သင့်မြတ်စွာ အတူယှဉ်တွဲနေထိုင်ကြခြင်းစသည့် ယဉ်ကျေးသော လူ့အဖွဲ့အစည်းအသွင်သဏ္ဌာန် ဖြစ်လာစေရေးကို ဦးတည်စေပါသည်။ ထိုနည်းတူစွာပင် လူသားတို့အချင်းချင်း လေးစားခြင်းနှင့် မတူကွဲပြားမှုများကို အသိအမှတ်ပြုခြင်းတို့သည်လည်း တန်ဖိုးဖြတ်မရသော အခြေခံအုတ်မြစ်တစ်ရပ်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖြတ်သန်းလာခဲ့သော နိုင်ငံရေးအရွေ့အပြောင်းများကိုလေ့လာသုံးသပ်ကြည့်ရာတွင် ခေတ်အဆက်ဆက်က အာဏာရှင်လူတစ်စုသည် အာဏာကို ဆုပ်ကိုင်ထားနိုင်ရေးအတွက် ကျင့်သုံးမှုများတွင် ဘာသာတရားအပေါ်အခြေခံသည့် အစွန်းရောက် အမျိုးသားရေးဝါဒနှင့် အမုန်းစကားဟူသည် အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်လျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ပါသည်။ ထိုအယူဝါဒမှိုင်းများကြောင့် လူသားတို့တွင် အမုန်းစိတ်များသည် တစတစ ကိန်းအောင်းလာခဲ့ပြီး အမုန်းတရားအပေါ် အခြေခံသည့် ပြုမူပြောဆိုမှုများသည် ကျယ်ပြန့်လာခဲ့ပါသည်။

ဤသုတေသန စာတမ်းသည် မြန်မာနိုင်ငံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်  အရပ်သား အစိုးရလက်ထက် အမုန်းစကားများနှင့် ပတ်သက်သည့်အခြေအနေများနှင့်  ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်၍ စစ်အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလအတွင်း အမုန်းစကားနှင့်ပတ်သက်သည့် အခြေအနေများ ကိုလေ့လာသုံးသပ်ထားသော သုတေသန စာတမ်းဖြစ်ပါသည်။

လူသားအချင်းချင်း ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး မတူကွဲပြားမှုများကို လက်ခံယုံကြည်ခြင်း၊ စာနာနားလည်ပေးခြင်း၊ အပြန်အလှန်လေးစားခြင်း စသည့် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ အမူအကျင့်များကို ပျိုးထောင်ခြင်းဖြင့်  ကိန်းအောင်းနေသည့် အမုန်းစိတ်များသည် အလိုအလျောက် ဖယ်ရှားနိုင်စေရန်နှင့် နွေဦးတော်လှန်ရေးကာလအလွန် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ဖော်ဆောင်ရာတွင်လည်း လူသားတို့လိုလားသည့် ငြိမ်းချမ်းသော၊ လူ့အခွင့်အရေး ယဉ်ကျေးမှုထွန်းကားသော လူ့အဖွဲ့အစည်း ဖြစ်စေရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

***ညီမျှခြင်းမြန်မာ***

# အနှစ်ချုပ်သုံးသပ်ချက်

“အမုန်းစကား”များသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် “အမုန်းစကား”ဟူသော စကားရပ် ခေတ်မစားခင် ကတည်းကပင် မြန်မာနိုင်ငံသို့ ရောက်နှင့်နေပြီးသား ကိစ္စတရပ်ဖြစ်သည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း၌ “အမုန်းစကား”များသည် အပေါ်ယံသဘော သာမက နက်ရှိုင်းသည့် အတွင်းသားထဲ၌ပင် စိမ့်ဝင်ရောက်ရှိလျက် ရှိသည်။ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုသည် ဒီမိုကရေစီနှင့် ဗဟုဝါဒ၏ အနှစ်သာရကို ဖော်ကျူးရန် အင်္ဂါစိတ်တရပ်ဖြစ်သော်လည်း မြန်မာ့လူ့အဖွဲ့အစည်းတွင် “အမုန်းတရား”များကို ထုတ်လုပ်ရာ၌ကုန်ကြမ်း အဖြစ် အသုံးပြုခံနေရသည်။ မြန်မာနိုင်ငံအတွင်း လွတ်လပ်ရေးအကြိုခေတ်မှစ၍ ယနေ့အချိန်ထိ “အမုန်းစကား”များကို ဂရုတစိုက် စီမံကိုင်တွယ်ခြင်း အားနည်းခဲ့ရုံသာမက အစိုးရများ၊ အင်စတီကျူးရှင်းများကပါ နိုင်ငံရေးအကျိုးအမြတ်အလို့ငှာ “အမုန်းစကား”များကို ပြည်သူတို့၏ နိစ္စဓူဝအတွေးအခေါ်အတွင်း အသားကျ သွားသည်အထိ ကိန်းအောင်းစေရန် စနစ်တကျ လုပ်ဆောင်ခဲ့ရာ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံ၌ စစ်တပ်က အာဏာသိမ်းယူပြီး နောက်ပိုင်းကာလသည် အဆိုးဆုံးဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးကို အကြမ်းဖျင်းအားဖြင့် ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈–၁၉၅၈)၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ တပါတီအာဏာရှင်ခေတ် (၁၉၆၂–၁၉၈၈)၊ စစ်အစိုးရခေတ် (၁၉၈၉–၂၀၁၀)၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခေတ် (၂၀၁၁–၂၀၂၁) ဟူ၍ ခေတ်ကာလများခွဲရလျှင် ဗိုလ်ချုပ်ကြီးနေဝင်း ခေတ်မှ စတင်၍ အစ္စလာမ်မုန်းတီးရေး၊ နိုင်ငံခြားသားမုန်းတီးရေး၊ ပြည်တွင်းနေမွတ်ဆလင်များအပါအဝင် လူနည်းစုများ အပေါ် ဒုတိယနိုင်ငံသားများ၊ သွေးနှောများ၊ ခိုးဝင်များ၊ ညှော်သည်များ စသည့် တံဆိပ်အမျိုးမျိုး ဖြင့် ပုံဖော်ကာ ခွဲခြားဆက်ဆံမှုနှင့် အသားကျအောင် သိသိသာသာနှင့် စနစ်တကျ လုပ်ဆောင်လာခဲ့သည်။ ဒီမိုကရေစီအသွင် ကူးပြောင်းသည့်ကာလတွင် “အမုန်းစကား”ကို စနစ်တကျတည်ဆောက်ဖြန့်ချိနေသူများသည် “အမျိုးသားရေး”အပါအဝင် ခေါင်းစဉ်အမျိုးမျိုးဖြင့် လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှုများကို ဦးတည်သည့်လုပ်ရပ်များကို လုပ်ဆောင်လာသည်။ NLD အရပ်သားအစိုးရလက်ထက်မတိုင်မီ အမျိုးသားရေးအစွန်းရောက်များ၏လှုပ်ရှားမှု များ အမြင့်ဆုံးအခြေအနေထိ ရောက်ရှိခဲ့ပြီး NLD အရပ်သားအစိုးရလက်ထက်တွင် အမျိုးဘာသာသာသနာ ကာကွယ်သူဟု ကိုယ့်ကိုယ်ကိုယ် အမည်တပ်ထားသည့် ဘာသာရေးအစွန်းရောက်များနှင့်အစိုးရကြား ကြီးမားသော အားပြိုင်မှုများ၊ ထိပ်တိုက်တွေ့ဆုံမှုများရှိခဲ့ပြီး အမျိုးသားရေးအစွန်းရောက်များ နှင့် “အမုန်းစကား”ပြောဆိုသူများအဖို့ အကန့်အသတ်များရှိလာခဲ့သည်။ သို့ရာတွင် အရပ်သားအစိုးရအနေဖြင့် ဗဟုဝါဒ ပြန့်ပွားစေရေး၊ လူနည်းစုများအပေါ် ကာကွယ်စောင့်ရှောက်ရေးနှင့် တိုင်းရင်းသားလူမျိုးစုများနှင့် ရင်ကြားစေ့ရေးတို့ကို စကားလုံးအားဖြင့် ပြောကြားခဲ့သော်လည်း “အမုန်းစကား” ပြဿနာကို ထိထိရောက်ရောက်ကိုင်တွယ်နိုင်ခဲ့ခြင်းမရှိသလို အချို့သောအခြေအနေများတွင် ဖိနှိပ်ခံ၊ ဖယ်ကျဉ်ခံလူနည်းစုများအပေါ် အန္တရာယ်ရှိသော သတင်းမှားများ၊ ခွဲခြားဆက်ဆံသည့် ဇာတ်ကြောင်း အမြင်များဖြင့်ပင် တိုက်ခိုက်ခဲ့သည်။ ဒီမိုကရေစီအစိုးရတရပ်အနေဖြင့် ထိုအချိန်ကအသက်ဝင်နေသေးသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အောက်မှ လုပ်ဆောင်ရာတွင် အကန့်အသတ်များရှိနေသည်မှာ မှန်ကန်သော်လည်း “အမုန်းစကား” အပေါ် နားလည်သဘောပေါက်မှု၊ လူနည်းစုနှင့် အန္တရာယ်ကျရောက်လွယ်သောအုပ်စုများကို ကာကွယ်ရေးအတွက် ဆောင်ရွက်မှုနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တန်ဖိုးထားမှုတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပမှ လုပ်ဆောင်နိုင်သည့် နည်းလမ်းများလည်းရှိရာ အစိုးရ၏ လုပ်ဆောင်ရန် ပျက်ကွယ်ခဲ့ခြင်းများသည် အစိုးရ၏ ရပ်တည်ချက်ကို ဖော်ပြနေသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ရန် ကြိုးပမ်းပြီးနောက် ၎င်း၏ မျက်နှာဖုံးအောက်မှ သရုပ်အမှန်ကို ပြသလာခဲ့သည်။ မြန်မာစစ်တပ်နှင့် စစ်အစိုးရဟောင်းများသည် သမိုင်းတလျှောက် ပြည်သူလူထုအပေါ် အကြမ်းဖက်ခဲ့ပြီး၊ ပြည်သူအချင်းချင်းကြား အကြမ်းဖက်မှုများဖြစ်စေရန် ရန်တိုက်ပေးသည့် အမျိုးသားရေး၊ ဗုဒ္ဓသာသနာမကွယ်ပျောက်ရေး၊ တိုင်းတပါး မလွှမ်းမိုးရေးစသည့် အကြောင်းပြချက်ကိုသာ အဖန်တလဲလဲ ပြန်လည်သုံးစွဲလာခဲ့သည်။ စစ်တပ်သည် အာဏာလုယူရန် ကြိုးပမ်းပြီးချိန်မှစ၍ အမျိုးသားရေးအစွန်းရောက်အုပ်စုများ ပြန်လည်အားကောင်းလာအောင် လုပ်ဆောင်ခြင်း၊ နေ့ဦးတော်လှန်ရေးကိုပုံဖျက်ရန် ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်ဝါဒမှိုင်းများဖြန့်ဝေခြင်း၊ ဒီမိုကရေစီအရေးနှင့် CDM လှုပ်ရှားမှုတွင် ပါဝင်သူများကို နိုင်ငံ့သစ္စာဖောက်များ၊ အကြမ်းဖက်အားပေးသူများသဖွယ် ဝါဒဖြန့်ခြင်းတို့ကို မြေပြင်မှ စစ်ကောင်စီတပ်များ၏ အကြမ်းဖက်မှုများနှင့်အတူ ဟန်ချက်ညီညီ လုပ်ဆောင်လျက်ရှိသည်။

ဤအနှစ်ချုပ်စာတမ်းတွင် အရပ်သားအစိုးရလက်ထက် "အမုန်းစကား"အပေါ် ချဉ်းကပ်ပုံ၊ "အမုန်းစကား" ပြောသူများနှင့် ထိပ်တိုက်တွေ့ဆုံမှုများအပါအဝင် ငါးနှစ်တာအတွင်း "အမုန်းစကား"တားဆီးရေးနှင့် ဗဟုဝါဒထွန်းကားအားကောင်းရေးအတွက် မည်မျှဆောင်ရွက်ခဲ့သည်ကို တင်ပြထားသလို စစ်တပ်ကအာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် တကျော့ပြန်ခေါင်းထောင်လာသော "အမုန်းစကား"ပြောသူအစုများနှင့် စစ်တပ်က မြေပြင်ပေါ်ရှိ ၎င်း၏ အကြမ်းဖက်မှုများနှင်အတူ ဝါဒဖြန့်ချိရေးနယ်ပယ်တွင် အမုန်းတရားအခြေခံဝါဒ ဖြန့်ချိမှုများကို လေ့လာတင်ပြထားပါသည်။

# အခန်း (၁)

## အမုန်းစကား

ယနေ့ခေတ်တွင် "အမုန်းစကား"ဟု ခေါ်ဆိုနေကြသည့် ထုတ်ဖော်ပြောဆိုမှုပုံစံသည် "အမုန်းစကား" ဟူသော ဝေါဟာရ မပေါ်ခင်ကတည်းကပင် အခြားသော အမည်နာမအမျိုးမျိုးဖြင့် ရှိခဲ့ပြီးသား ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းများ စတင်ပေါ်ပေါက်ပြီးနောက် မတူကွဲပြားမှုများနှင့်အတူ ထိုမတူကွဲပြားမှုကို လက်မခံသည့် သဘောထားမကြီးမှုများမှတဆင့် ခွဲခြားဆက်ဆံခြင်း၊ ရန်လိုမုန်းထားခြင်းနှင့် အကြမ်းဖက်ခြင်းမှသည် လူမျိုးသုဉ်းသတ်ဖြတ်မှုအထိ ဖြစ်ရပ်ဆိုးကြီးများ ဖြစ်ပွားခဲ့ကြောင်းကို သမိုင်းမှတ်တမ်းများက ဖော်ပြနေသည်။ အထင်ကရ သမိုင်းမှတ်တိုင်ဖြစ်ရပ်ကြီးများဖြစ်သည့် ဒုတိယကမ္ဘာစစ်အတွင်း ဥရောပတိုက်ရှိ ဂျူးများကို အံုလိုက်ကျင်းလိုက်သတ်ဖြတ်မှု (The Holocaust)၊ ရဝမ်ဒါလူမျိုးသုဉ်းသတ်ဖြတ်မှု(Rwandan Genocide)၊ ကမ္ဘောဒီးယားလူမျိုးသုဉ်းသတ်ဖြတ်မှု (Cambodian Genocide)၊ ဘော့စနီးယားလူမျိုးသုဉ်း သတ်ဖြတ်မှု (Bosnian Genocide) စသည်တို့အပြင် လတ်တလောတွင် အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာကို ဂမ်ဘီယာက တရားစွဲဆိုထားပြီး ကြားနာနေဆဲအမှုဖြစ်သည့် ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု (Rohingya Genocide) တို့တွင် "အမုန်းစကား" နှင့် အန္တရာယ်ရှိသောအတွေးအခေါ်၊ အန္တရာယ်ရှိသောစကားများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသောနေရာမှ ပါဝင်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်သည်။

"အမုန်းစကား"ကို ဆွေးနွေးရာတွင် ယင်းစကားရပ်၏ အနက်အဓိပ္ပာယ်နှင့် သဘောသဘာဝကို အခိုင်အမာထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးသည်။ ယနေ့"အမုန်းစကား"ပြဿနာကို ဖြေရှင်းရာတွင် ခရီးမတွင်သည့် အဓိကအကြောင်းရင်းများအနက် "အမုန်းစကား"ကို တိုက်ဖျက်ချင်ဇောဖြင့် (သို့မဟုတ်) တိုက်ဖျက်သည်ဟူသော အကြောင်းပြချက်ဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်၊ ချိုးဖောက်၊ တားဆီးခြင်းနှင့် "အမုန်းစကား"၏ အသွင်သဏ္ဌာန်နှင့် သဘောသဘာဝကို ခြေခြေမြစ်မြစ် နားမလည်ခြင်းတို့ ပါဝင်သည်။

ပထမဦးစွာ "အမုန်းစကား" (ဝါ) "Hate speech" ဟူသော စကားရပ်သည် နိုင်ငံတကာတွင် ဥပဒေဆိုင်ရာဝေါဟာရတခု ဟုတ်မနေဘဲ အတ္တနောမတိကို အခြေခံသည့် အဓိပ္ပါယ်ဝေဝါးကျယ်ပြန့်သော စကားရပ်ဖြစ်သည်။[1] "အမုန်းစကား"၏အဓိပ္ပါယ်ကို လူတို့ သတ်မှတ်၊ ဖွင့်ဆိုရာတွင် ၎င်းတို့၏ အတွေ့အကြုံ၊ ဝန်းကျင်မှ ကြား၊ သိ၊ လက်ဆင့်ကမ်းရရှိလာသော ရိုက်ခတ်မှု၊ ပို့ချမှု သို့မဟုတ် ၎င်းတို့၏ လောကအမြင်များအပေါ် အခြေခံသည်ဖြစ်

[1] Article 19, *'Hate Speech' Explained: A Toolkit, (2006)*

ရာ ဆဲဆိုခြင်း၊ ရှန့်ရင်းကြမ်းတမ်းသော စကားကိုဆိုခြင်း၊ ရန်လိုမုန်းထားစကားဆိုခြင်း၊ အကြမ်းဖက်ရန် ဆော်ဩလှုံ့ဆော်ခြင်းမှသည် နောက်ဆုံး အစုလိုက်၊ မျိုးစုလိုက်၊ အသိုင်းအဝိုင်းလိုက် ရှင်းလင်းရေးအထိပင် ကျယ်ပြန့်စွာ ပါဝင်နိုင်ပေသည်။ သို့ရာတွင် ယနေ့အချိန်ထိ "အမုန်းစကား"နှင့်ပတ်သက်၍ တကမ္ဘာလုံးက လက်ခံထားသည့် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသလို နိုင်ငံတကာဥပဒေတွင်လည်း "အမုန်းစကား"ဟူသော စကားရပ်ကို လွန်စွာသုံးစွဲခဲ့သည်။[2]

"အမုန်းစကား"သည် 'အမုန်း'နှင့် 'စကား'ဆိုသောအရာနှစ်ခု သာမန်ပေါင်းစပ်ထားခြင်းထက် ပို၍ကျယ်ပြန့်သောအရာ ဖြစ်၍ "အမုန်းစကား"(Hate Speech)ဆိုသော စကားရပ်ပါ "အမုန်း"ဆိုသည်မှာ သာမန်မုန်းတီးမှုပုံစံမျိုးထက် ပိုမိုလေးနက်သိမ်မွေ့သည့် သဘောဆောင်သလို "စကား"ဆိုသည်မှာလည်း ပြောဆိုမှုတင်သာမက ထုတ်ဖော်ပြောဆိုမှုပုံစံအမျိုးမျိုးဖြစ်သည့် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပြသခြင်း၊ ရေးခြစ်ခြင်း၊ အသံလွှင့်ခြင်း၊ ကခုန်ခြင်း၊ အနုပညာ၊ ကိုယ်အမူအရာနှင့် အခြားသောထုတ်ဖော်ပြောဆိုမှု ပုံစံအမျိုးမျိုးတို့ထိ အကျုံးဝင်သည်။ ထို့အပြင် ၎င်းတို့ထက်ပို၍ အခြေခံအုတ်မြစ်ကျသောအရာမှာ ထိုကဲ့သို့သော ထုတ်ဖော်ပြောဆိုမှုပုံစံ (ပြောဆိုခြင်း၊ ရေးသားခြင်း စသဖြင့်)နှင့် အကြောင်းအရာ (မုန်းတီးအောင်ပြောခြင်း၊ ရန်တိုက်ခြင်း၊ မျိုးဖြုတ်ရှင်းလင်းရန် ဆော်ဩခြင်း စသဖြင့်)တို့နှင့် ချိတ်ဆက်ပြီး ချိတ်ဆက်နေသည့် နောက်ကွယ်မှ အတွေးအခေါ်အဆောက်အအုံဖြစ်သည်။[3]

ကြီးလေးသောအကြမ်းဖက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများသည် အမုန်းဆပွားစေမည့် အတွေးအခေါ်အဆောက်အအုံနှင့် ထုတ်ဖော်ပြောဆိုမှုများ၏ ထပ်ဖန်တလဲလဲ အားပေးအားမြှောက်ပြုမှုကြောင့်သာ ဖြစ်ပွားနိုင်သည်ဟု အချို့သော ပညာရှင်များက မှားယွင်းစွာကောက်ချက်ချလေ့ရှိသည်။[4] သို့ရာတွင် ကမ္ဘာတဝန်းဖြစ်ပွားခဲ့ပြီးသော၊ ဖြစ်ပွားလျက်ရှိနေသေးသော ရက်စက်ကြမ်းကြုတ်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု (massacre)၊ အုံလိုက်ကျင်းလိုက်သတ်ဖြတ်မှု (holocaust)၊ လူမျိုးစုရှင်းလင်းမှု (ethnic cleansing)နှင့် လူမျိုးသုဉ်းသတ်ဖြတ်မှု(genocide)များတွင် လူအုပ်စုတစုအပေါ်ထားရှိသည့် "အမုန်းတရား"ဟု ထင်ထင်ရှားရှား တွေ့မြင်ရနိုင်သည့် စကားရပ်များ၊ အမုန်းပွားစေရန် ထပ်တလဲလဲ ရန်စပေးနေသည့် ထင်ထင်ရှားရှား စကားလုံးများ၊ အုပ်စုတစုကို လူ့အဖြစ်မှနှိမ့်ချနေသည့် ရိုင်းရိုင်းစိုင်းစိုင်း ဘာသာစကားများ စသည်တို့ကိုသာ သီးသန့်သုံးစွဲနေခြင်း မဟုတ်ဘဲ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု၊ လူ့အဖွဲ့အစည်း၏ "ရန်သူ"၊ အုပ်စုတစုကို ရှင်းလင်းခြင်းသည် မိမိတို့ လူ့အဖွဲ့အစည်းအဖို့ စံတန်ဖိုးတက်စေ၊ အကျိုးစီးပွားဖြစ်စေလိမ့်မည်ဟု သဘောဆောင်သော ဇာတ်ကြောင်းများကို ရိုးရှင်းသည့် စကားရပ်များ၊ အလွန်သမရိုးကျဖြစ်သော (သို့မဟုတ်) သမရိုးကျဖြစ်လာစေသည်အထိကို အရိုးစွဲစေမည့် စကားအသွားအလာများ၊ နိစ္စဓူဝဆန်ဆန်သုံးစွဲနေသော ဇာတ်ကြောင်းများကို လူများစုကြား ရိုက်သွင်းပို့ချ၊ လက်ဆင့်ကမ်းရာမှ ကြီးလေးသော ခွဲခြားဆက်ဆံမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ သွေးချောင်းစီးမှုများကိုလည်း ဖော်ဆောင်တတ်သည်ဟု ပညာရှင်အချို့က သုံးသပ်သည်။[5] ရံဖန်ရံခါ၌ ယင်းကဲ့သို့သော ထုတ်ဖော်ပြောဆိုမှုများ၌ ထင်ရှားသည့်"အမုန်းတရား"ကိုပင် လွယ်လင့်တကူ ရှာမတွေ့နိုင်လောက်အောင် သိမ်မွေ့တတ်သည်။

2 Ibid, p 13

3 See Jonathan Leader Maynard and Susan Benesch, *Dangerous Speech and Dangerous Ideology: An Integrated Model for Monitoring and Prevention, (2016)*

4 Ibid

5 Ibid

ယနေ့ခေတ်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတဝန်း၌ လူအများစုက “အမုန်းစကား”ဟူသော အခေါ်အဝေါ်ကို ထဲထဲဝင်ဝင် သုံးစွဲနေကြခြင်းကို ဤအနှစ်ချုပ်စာတမ်းက အသိအမှတ်ပြုသလို စာတမ်း၏ အချို့နေရာများတွင်“အမုန်းစကား”ဟူသော စကားရပ်အစား ပိုမိုတိကျပြတ်သားသော စကားရပ်များကို အဓိကထား သုံးစွဲထားသည်။ သို့သော်လည်း စာတမ်း၏နေရာအများအပြား၌ “အမုန်းစကား”ဟူသော စကားရပ်ကို သုံးစွဲရမည့် အခြေအနေများရှိသည်ဖြစ်ရာ ဤစာတမ်းပါ “အမုန်းစကား”၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဤအခန်း၏ နောက်ဆုံးအပိုင်းတွင် ဖော်ပြထားပါသည်။

“အမုန်းစကား”နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လုံးဝချန်လှပ်ထား၍မရသော အစိတ်အပိုင်းတခု ဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ခြွင်းချက်ပါရပိုင်ခွင့်တရပ်ဖြစ်သည်။[6] နိုင်ငံတကာဥပဒေတွင် “အမုန်းစကား”ဟူသော အငြင်းပွားဖွယ်ရာစကားလုံးကို မသုံးစွဲဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် သို့မဟုတ် တားဆီးရန် အခြေအနေများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာမခံပေးထားသည့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(ICCPR)တွင် “တပါးသူ၏ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာကို လေးစားရန် (သို့မဟုတ်) နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေး၊ လူထုကျန်းမာရေး (သို့မဟုတ်) ပြည်သူ့ကိုယ်ကျင့်တရားများကို ကာကွယ်ရန်အတွက်သာ” လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ကောင်း ကန့်သတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။[7] ထိုပြဋ္ဌာန်းချက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ကောင်း ကန့်သတ်နိုင်သည်ဟုသာ ပြဋ္ဌာန်းခြင်းဖြစ်ပြီး မဖြစ်မနေ တားမြစ်ရမည့် ထုတ်ဖော်ပြောဆိုမှုများအနေဖြင့် “စစ်မက်ဖြစ်စေရန် ဝါဒဖြန့်ချိခြင်း၊ လူမျိုးရေး၊ ဘာသာရေးကို အခြေခံသော ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများ ကျူးလွန်အောင် လှုံ့ဆော်ခြင်း”တို့ကို တားမြစ်ရမည်ဟု ပြဋ္ဌာန်းပါရှိသည်။[8]

နိုင်ငံတကာဥပဒေသည် ဆဲဆိုခြင်း၊ ဘာသာတရားများကို ဝေဖန်၊ စော်ကား၊ ပုတ်ခတ်ခြင်း၊ လူတို့ကိုးကွယ်ရာဘုရားများကို လှောင်ပြောင်ခြင်း၊ တိုက်ခိုက်ခြင်း၊ နိုင်ငံတနိုင်ငံ၏ အလံ၊ ဘုရင်မင်းမြတ်၊ အစိုးရ၊ အုပ်ချုပ်သူ၊ နိုင်ငံရေးအရသြဇာအာဏာရှိသည့် လူပုဂ္ဂိုလ်/အင်စတီးကျူးရှင်း/အဖွဲ့အစည်းတခုခုကို ပုတ်ခတ်၊ တိုက်ခိုက်၊ စော်ကားခြင်းနှင့် သတင်းအမှားများ ထုတ်ပြန်ခြင်းတို့ကို “အမုန်းစကား”အဖြစ် အသိအမှတ်မပြုသလို တားမြစ်ရမည့် ထုတ်ဖော်ပြောဆိုမှုပုံစံများအဖြစ် ပြဋ္ဌာန်းမထားပါ။[9] ထို့အပြင် “အမုန်းစကား”တိုက်ဖျက်ရေးလုပ်ငန်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်း သို့မဟုတ် တားဆီးခြင်းတခု မဟုတ်ကြောင်းကို ကုလသမဂ္ဂ၏ ‘အမုန်းစကားတိုက်ဖျက်ရေး မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်’တွင် အတိအလင်း ဖော်ပြထားသည်။[10]

သို့ဆိုလျှင် အချို့အချို့သော အခြေအနေမျိုးတွင် “အမုန်းစကား”သည် အုပ်စုတစုကို တိုက်ရိုက်ချက်ချင်း အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းမဟုတ်ဘဲ ထိုလူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုအရဖြစ်စေ၊ စံတန်ဖိုးအရဖြစ်စေ ဆက်စပ်နေသည့် “တန်ဖိုးများ”၊ “အလေ့အထများ”ကို ပုတ်ခတ်စော်ကားတိုက်ခိုက်သည့် သို့မဟုတ် ပုံဖျက်သည့်

---

6 General Comment 34

7 International Covenant of Civil and Political Rights, Article 19(3)

8 International Covenant of Civil and Political Rights, Article 20(1,2)

9 General Comment 34; Rabat Plan of Action, op

10 United Nations Strategy and Plan of Action on Hate Speech

ထုတ်ဖော်ပြောဆိုမှုများ ဖြစ်နေနိုင်သည်။ (ဥပမာ – လူတစုကိုးကွယ်သည့် ဘုရား သို့မဟုတ် ဘာသာတရားကို လှောင်ပြောင်၊ ပုတ်ခတ်၊ ပုံဖျက်ခြင်း) လူ့အခွင့်အရေးသည် လူသားနှင့် လူသားတို့၏ ဂုဏ်သိက္ခာ၊ ရပိုင်ခွင့်များကို ကာကွယ်ပေးခြင်းဖြစ်သည့်အတွက် လူတို့၏ "မကြိုက်ခြင်း" (ဝါ) ခံစားချက်၊ အကောင်အထည် မမြင်ရသော အတွေးများ၊ ဘုရားများ၊ ဘာသာရေးများကို ကာကွယ်မပေးရာ ယင်းကဲ့သို့သော ထုတ်ဖော်ပြောဆိုမှုများသည် မကြာခဏဆိုသလို အပြစ်ပေးအရေးယူခြင်း၊ တရားစွဲဆိုခြင်း၏ ဘောင်ပြင်ပတွင် ရှိနေတတ်သည်။ သို့သော် ထို"အမုန်းစကား"များသည် နိုင်ငံတကာဥပဒေအရ နိုင်ငံတော်အစိုးရများ မဖြစ်မနေတားမြစ်ရမည့် အဆင့်ဟု သတ်မှတ်ထားသည့် 'အကြမ်းဖက်ရန်လှုံ့ဆော်မှု'အဆင့်ထိ မရောက်သည့်တိုင် ပစ်မှတ်ထားခံရသော အုပ်စု/လူပုဂ္ဂိုလ်အပေါ် သက်ရောက်မှု (သို့မဟုတ်) အန္တရာယ်ကျရောက်စေနိုင်သည်။[11]

ထို့အတူ အရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ကြီးမားသောရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ရာတွင် ပါဝင်ဆောင်ရွက်ကြသည့် လုပ်ဆောင်သူများက လူအများစုကြီးအပေါ် လှုံ့ဆော်လေ့ရှိသည့် စေ့ဆော်မှုများသည် မုန်းတီးမှုကို ပေါ်လွင်ထင်ရှားစွာ အားပေးလှုံ့ဆော်နေသည့် ဝါဒဖြန့်ချိမှုနှင့် ဆော်သြမှုများ အမြဲတစေ ဟုတ်မနေပါ။ အုပ်စုတစုကို လူ့အသိုင်းအဝိုင်းအတွင်း ဖယ်ကျဉ်ခံအဖြစ် ဖယ်ကြဉ်လိုက်ခြင်း၊ စနစ်တကျ ခွဲခြား ဆက်ဆံခြင်းနှင့် ထိုအုပ်စုအပေါ် တချိန်ချိန်တွင် ကြီးမားသောဖိနှိပ်၊ ကြမ်းကြုတ်ရက်စက်မှုတခုဖြစ်လာနိုင်မည့် လုပ်ရပ်များကို အဓိကထောက်,မနေသည့် "အမုန်းစကား"များ၏ သွင်ပြင်လက္ခဏာများအနက်မှ ထင်ရှားသော လက္ခဏာအချို့မှာ ထိုလူ့အသိုင်းအဝိုင်း သို့မဟုတ် ထိုဝိသေသလက္ခဏာရှိသူ လူပုဂ္ဂိုလ်သည် မိမိတို့ လူ့အသိုင်းအဝိုင်း ကြီးပွားတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်သူ၊ မိမိတို့အတွက် ဓမ္မန္တရာယ်၊ မိမိတို့ လူ့အသိုင်းအဝိုင်း ကြီးပွားတိုးတက်ရေးအတွက် ထိုလူ့အသိုင်းအဝိုင်း သို့မဟုတ် ဝိသေသလက္ခဏာရှိသူကို ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု၊ ဖယ်ရှားရှင်းလင်းမှု လုပ်ဆောင်ခြင်းကသာလျှင် တခုတည်းသောအဖြေ၊ လျော်ကန်သင့်မြတ်သော၊ မိမိတို့၏ ဇာတိဂုဏ်ထိန်းသိမ်းသော လုပ်ရပ်ဖြစ်သည်ဟု ပုံဖော်သည့် ဇာတ်ကြောင်းများကို လူတို့၏ နေ့စဥ်မြင်သိကြားတွေ့နေရသော နယ်ပယ်အသီးသီး သို့မဟုတ် အများပြည်သူဆိုင်ရာ ဝါဒဖြန့်ချိရေးနယ်ပယ်တွင် သမရိုးကျဘာသာစကားပုံစံတခုအသွင်ဖြင့် သုံးစွဲ၍ လူထုကြား ဖြန့်ဝေခြင်း ဖြစ်သည်။[12]

ဤအနှစ်ချုပ်စာတမ်းသည် အမုန်းစကားဆိုင်ရာ လက်စွဲစာအုပ် မဟုတ်ပါ။ ထို့အတူ ဤစာတမ်းတွင် လေ့လာထားသော၊ နမူနာဖော်ပြထားသော "အမုန်းစကား"များသည် ဥပဒေကြောင်းအရ မဖြစ်မနေ အရေးယူရန်၊ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်ရန် သင့်မသင့်ဆိုသောအချက်ကို ထောက်ပြဆွေးနွေးလိုခြင်းထက် မြန်မာ့လူ့အဖွဲ့အစည်းတွင် မတူညီသောကာလအလျောက် "အမုန်းစကား"ပုံစံနှင့် အာဏာပါဝါရှိသူတို့၏ ကိုင်တွယ်ချဉ်းကပ်မှု အပေါ်တွေ့ရှိချက်များကို တင်ပြလိုသည့် အဓိက ရည်ရွယ်ချက်ဖြစ်သည်။

ဤအနှစ်ချုပ်စာတမ်းအတွက် လေ့လာသုံးသပ်ချက်များ လုပ်ဆောင်နေစဥ်အတောအတွင်း "အမုန်းစကား" သတ်မှတ်ချက်နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကုလသမဂ္ဂ၏ 'အမုန်းစကားဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဥ်'ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စံအဖြစ်အသုံးပြုထားသည်။

ကုလသမဂ္ဂ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ "အမုန်းစကား"ဆိုသည်မှာ 'လူပုဂ္ဂိုလ်တဦး သို့မဟုတ် အစုအဖွဲ့တခုကို ၎င်းတို့ မည်သည်မည်ဝါဖြစ်သည်ဆိုသောအချက်၊ တနည်းအားဖြင့် ၎င်းတို့၏ ဘာသာရေး၊ လူမျိုးစု၊ နိုင်ငံသား

---

11 United Nations Strategy and Plan on Hate Speech

12 Johnathan Leader Maynard and Susan Benesch, *Dangerous Speech and Dangerous Ideology: An Integrated Model for Monitoring and Prevention, Content (2016)*

ဖြစ်မှု၊ မျိုးနွယ်၊ အသားအရောင်၊ လူမျိုးစုဇာစ်မြစ်၊ လူမှုလိင် သို့မဟုတ် အခြားသောဝိသေသလက္ခဏာမြောက် အချက်တခုခုကို အခြေခံ၍ ရှုတ်ချစော်ကားသော သို့မဟုတ် ခွဲခြားဆက်ဆံသော ဘာသာစကား အသုံးပြုသည့် သို့မဟုတ် တိုက်ခိုက်သည့် စကား၊ အရေးအသား၊ အပြုအမူ စသည့် မည်သည့် ကူးလူးဆက်သွယ်မှုမဆို' ဖြစ်သည်။

အန္တရာယ်ရှိသော "အမုန်းစကား"သည် အစုအဖွဲ့တခု သို့မဟုတ် အစုအဖွဲ့ဖြစ်မှုကို ဦးတည်တတ်သည့် သဘောရှိရာ[13] ထိုကဲ့သို့သော အစုအဖွဲ့များသည် လူ့အဖွဲ့အစည်း၊ နိုင်ငံရေးနှင့် လူမှုစီးပွားရေးအပေါ်အခြေခံ၍ ကွဲပြားတတ်ကြ သည့်အတွက် နောက်ပိုင်းအခန်းများ၌ တင်ပြမည့်တွေ့ရှိချက်များတွင် ပုံမှန်မြင်တွေ့နေကျ ကာကွယ်ပေးရမည့် ကာကွယ်ပေးရမည့် ဝိသေသလက္ခဏာများ (Protected characteristics) အပြင် အခြားသော လက္ခဏာရှိသည့် အုပ်စုများအပေါ် တိုက်ခိုက်မှုများကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ဥပမာ – ယခင်အရပ်သားအစိုးရလက်ထက်က ပြည်သူ့ဝန်ထမ်းတဦး/များသည် အစိုးရတရပ် လက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမရှိမှုအတွက် အကြမ်းဖက်မှုနှင့် အသက်အန္တရာယ်ခြိမ်းခြောက်သည့် "အမုန်းစကား"များ၏ ပစ်မှတ်ထားခံရခြင်းမျိုး မရှိခဲ့သော်လည်း စစ်တပ်က အာဏာသိမ်းရန်ကြိုးစားသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်းတွင် တာဝန်ထမ်းဆောင်ခြင်းမရှိသည့် ပြည်သူ့ဝန်ထမ်းများသည် "အမုန်းစကား"နှင့် အန္တရာယ်ရှိသောစကားများ၏ ပစ်မှတ်ထားခံရသော အုပ်စုများထဲမှ တခု ဖြစ်လာခဲ့သည်။

13 Dangerous Speech Project, *Dangerous Speech: A Practical Guide*

# အခန်း (၂)

## မြန်မာနိုင်ငံ၏ အမုန်းစကားဆိုင်ရာ နောက်ခံအခြေအနေ

မြန်မာနိုင်ငံတွင် "အမုန်းစကား"သည် နာမည်မကြီးသော်လည်း လူကြိုက်များသည့်အရာ ဖြစ်သည်။ မြန်မာ စစ်တပ်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ပေါင်းများစွာ အချိန်ယူစိတ်ကြိုက်ရေးဆွဲပြီးနောက် ပြုလုပ်သည့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၌ စစ်ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်ဦးဆောင်သည့် USDP ပါတီ အနိုင်ရရှိခဲ့သည်။[14] မြန်မာနိုင်ငံတွင် အရပ်သားတပိုင်း – စစ်တပိုင်း အစိုးရစတင်ချိန်မှစ၍ ဒီမိုကရေစီအသွင် ကူးပြောင်းရေးခေါင်းစဥ်အောက်တွင် ပွင့်လင်းမြင်သာမှုအချို့နှင့်အတူ လူမှုမီဒီယာများအပါအဝင် အင်တာနက် ပလက်ဖောင်းများပေါ်၌ "အမုန်းစကား"များနှင့် ဘာသာရေးအကြမ်းဖက်မှုဖြစ်ရန် လှုံ့ဆော်သည့် ထုတ်ဖော် ပြောဆိုမှုများကို သိသိသာသာ တွေ့ရှိလာခဲ့သည်။ သို့သော် စင်စစ်အားဖြင့် မြန်မာလူ့အဖွဲ့အစည်းသည် နဂို ကတည်းကပင် သတင်းအမှားများ၊ အခြေအမြစ်မခိုင်လုံသော ဇာတ်ကြောင်းများ၊ လူမျိုးရေးခွဲခြားမှုများ ထုံမွမ်း နေသည့် ပညာရေးသင်ရိုးများ၊ အဆိပ်အတောက် စစ်ထုတ်မှုမရှိသည့် အများပြည်သူဆိုင်ရာ မီဒီယာလုပ်ငန်း၊ အာဏာရှင်အဆက်ဆက်၏ ဝါဒဖြန့်ချိမှုများ၊ လူမှုအသိုင်းအဝိုင်းအမျိုးမျိုးအတွင်း အမြစ်တွယ်နေသည့် တင် ကြိုလက်ခံထားပြီးသား ယုံမှားအစွဲများနှင့် ကာလအတန်ကြာ အတော်အတန်ယဥ်ပါးနေပြီးသား ဖြစ်သည်။ ထို့ ကြောင့် "အမုန်းစကား"များ နှစ်ပေါင်းများစွာ ပျံ့နှံ့ခိုင်မာနေခြင်းနှင့်ပတ်သက်၍ တခုတည်းသော အကြောင်းရင်း ကို ထုတ်ဖော်ပြောဆိုရန် မလွယ်ကူပေ။

ခေတ်အဆက်ဆက်ပညာရှင်များ၊ သုတေသီများ၊ လေ့လာသူများ၊ သတင်းမီဒီယာသမားများ၏ တွေ့ရှိချက်များနှင့် အစိုးရအဆက်အဆက် အပါအဝင် နယ်ပယ်အသီးသီး၏ မှတ်တမ်းမှတ်ရာများအရ မြန်မာ့လူ့အဖွဲ့အစည်းတွင် ပေါက်ရောက်စိမ့်ဝင်နေသည့် "အမုန်းစကား"ဇာတ်ကြောင်းများအနက် လူမျိုးရေး၊ ဘာသာရေး၊ သွေးဇာစ်မြစ် သို့မဟုတ် လူမျိုးရေး၊ ဘာသာရေးစံတန်ဖိုးကို အခြေခံသော "အမုန်းစကား"ဇာတ်ကြောင်းများက အများစု နေရာယူထားသည်ကို တွေ့မြင်ရနိုင်သည်။ လွတ်လပ်သောမြန်မာနိုင်ငံဖြစ်လာမည့် နယ်မြေဒေသအတွင်းမှ ပြည်မဒေသတွင် လွတ်လပ်ရေးမရခင် နှစ်များအလိုကတည်းက 'အမျိုးသားရေးဝါဒ'ဆိုသော အယူအဆသည် လူမှုအသိုင်းအဝိုင်းများအတွင်း အထူးသဖြင့် ဗမာလူမျိုးများအတွင်း အားကောင်းခဲ့သည်။ ထိုခေတ်ကာလက

14 "သိရသမျှ ရွေးကောက်ပွဲ ရလဒ်များ", *BBC News, November 9, 2010,* https://www.bbc.com/burmese/burma/2010/11/101109_electionresults

အမျိုးသားရေးဝါဒသည် ယနေ့ခေတ် အမျိုးသားရေးဝါဒနှင့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရတို့ တူချင်မှတူနိုင်မည် ဖြစ်သော်လည်း ယခင်ခေတ်များကတည်းက ဗမာလူမျိုးများနှင့် အခြားလူမျိုးစုအချို့အကြား လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းများ ဖြစ်ပွားခဲ့သလို လူမျိုးရေး၊ ဘာသာရေးအခြေခံသည့် ခွဲခြားဆက်ဆံမှု အတွေးအခေါ် အဆောက်အအုံကို အားကောင်းလာစေမည့် ဇာတ်ကြောင်းများ ရှိခဲ့သည်။

လွတ်လပ်ရေးမရမီ ကာလအတောအတွင်း ၁၉၃၀ တွင် ကမ္ဘာ့စီးပွားပျက်ကပ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာပြီးနောက် လူမှုစီးပွားကို အခြေခံသည့် မူလပြဿနာကို အခြေခံရာမှ ဗမာလူမျိုးများနှင့် အိန္ဒိယနွယ်ဖွားများကြား ပဋိပက္ခ ဖြစ်ပွားခဲ့သည်။[15] ရလဒ်အနေဖြင့် အိန္ဒိယလူမျိုးပေါင်း ၁၂၀ ကျော်သေဆုံး၍ ၂၅၀၀ ကျော် ဒဏ်ရာရကာ ဗမာလူမျိုးအချို့လည်း သေဆုံးခဲ့ကြောင်း အမှီအခိုကင်းသော အစီရင်ခံစာများက ဆိုသည်။ ၁၉၃၁ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့ရှိ တရုတ်တန်း၌ ဗမာလူမျိုးတစ်ဦးနှင့် တရုတ်လူမျိုးတစ်ဦးတို့ အချင်းများရာမှ အဓိကရုဏ်း ဖြစ်ပွားကာ လူ ၁၀ ဦးကျော် သေဆုံးခဲ့သည်။[16]

ထို့နောက် ၁၉၃၈ ခုနှစ်တွင်  အစ္စလာမ်ဘာသာရေးဆရာ ဦးရွှေဖီ ရေးသားထားသည့် 'မော်လဝီယောဂီစာတမ်း' နှင့်ပတ်သက်၍ ရန်ကုန်မြို့တွင် ဗုဒ္ဓဘာသာလူပုဂ္ဂိုလ်များနှင့် သံဃာတော်အချို့ စုဝေးလှုပ်ရှားမှုဖြစ်ခဲ့ကာ ဗမာလူမျိုးများနှင့် အိန္ဒိယများ အထူးသဖြင့် မွတ်စလင်များအကြား ဒုတိယအကြိမ်မြောက် ပဋိပက္ခကြီးကြီးမားမား ဖြစ်ပွားခဲ့သည်။[17] မွတ်စလင်ဆန့်ကျင်ရေး လှုပ်ရှားမှုမှ အဓိကရုဏ်းအဆင့်ထိ ဖြစ်ပွားခဲ့ရာ အိန္ဒိယ  ၁၆၄ ဦး ဗမာ ၁၇ ဦး သေဆုံးခဲ့သည်။ ပဋိပက္ခဖြစ်ပွားပြီးနောက် မောင်သိန်းဖေ(သိန်းဖေမြင့် (ဝါ) သခင်သိန်းဖေ)က 'ကုလား–ဗမာ တိုက်ပွဲ'ဟူသော စာအုပ်ကို ရေးသားထုတ်ဝေခဲ့ကာ ထိုစာအုပ်သည် စက်တင်ဘာ တလတည်း အတွင်း တကြိမ်လျှင် အုပ်ရေတသောင်းဖြင့် နောက်ထပ်လေးကြိမ်ထပ်မံပုံနှိပ်ထုတ်ဝေခဲ့ရပြီး အောက်တိုဘာလတွင် တကြိမ်လျှင် အုပ်ရေတသောင်းဖြင့် နောက်ထပ်သုံးကြိမ်၊ စုစုပေါင်း ရှစ်ကြိမ်တိတိ ရိုက် နှိပ်ထုတ်ဝေရသည်ဟု ယင်းစာအုပ်၏ မျက်နှာဖုံးတွင် ဖော်ပြထားသည်။[18]

လွတ်လပ်ရေးရပြီးနောက်ပိုင်း ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ၁၉၅၄ မှ ၁၉၅၆ အထိ ဗုဒ္ဓဘာသာထွန်းကားရေးကိစ္စများ ဦးဆောင်လုပ်ခဲ့သလို ၁၉၆၀ အထွေထွေရွေးကောက်ပွဲအပြီးတွင် သန့်ရှင်းဖဆပလ (နောက်ပိုင်း၌ ပြည်ထောင်စုပါတီဟု အမည်ပြောင်း)မှ ဦးနု ထပ်မံအနိုင်ရပြီးနောက် ၁၉၆၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကိုနိုင်ငံတော် ဘာသာအဖြစ် သတ်မှတ်သည့် "နိုင်ငံတော် ဘာသာသာသနာ ချီးမြှောက်ထောက်ပံ့ရေးအက်ဥပဒေ"ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။[19]သို့သော် ၁၉၄၈ မှ ဗိုလ်ချုပ်ကြီးနေဝင်း ယတိပြတ် အာဏာသိမ်းယူလိုက်သည့် ၁၉၆၂ ခုနှစ်အတွင်း အိန္ဒိယနွယ်ဖွားများ၊ တရုတ်နွယ်ဖွားများနှင့် ဗမာလူမျိုးများအကြား ဘာသာရေး ပဋိပက္ခများနှင့် ဘာသာရေးမုန်းတီးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချီခြင်းတို့ မရှိခဲ့ပေ။[20] ၁၉၆၇ ခုနှစ်တွင် တရုတ်ဗမာ လူမျိုးရေး ပဋိပက္ခဖြစ်ပွားခဲ့ရာ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုများအတွင်း တရုတ်လူမျိုး ၃၀ ခန့် သေဆုံးခဲ့သည်။ ထို့နောက် တော်လှန်ရေးကောင်စီအစိုးရမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရအဖြစ်သို့ စနစ်ပြောင်းလဲထားသည့် ဦးနေဝင်းအာဏာရှင်လက်ထက် ၁၉၇၈ ခုနှစ် မေလတွင် ရခိုင်ပြည်နယ်အနောက်ပိုင်း

15 "မြန်မာ့သမိုင်းရဲ့ ရှက်စရာ အမည်းကွက်", *BBC News*, July 27, 2018, https://www.bbc.com/burmese/in-depth-44966771

16 *"တို့ဗမာအစည်းအရုံးသမိုင်း"*

17 Ibid

18 သိန်းဖေမြင့်, *ကုလား – ဗမာ တိုက်ပွဲ*, မြန်မာ့ရုပ်ရှင်စာပုံနှိပ်တိုက် *(၁၉၃၈)*

19 "ဦးနုရဲ့ခေါင်းဆောင်မှု အကောင်းနဲ့အဆိုး ၉ ချက်", *BBC News*, July 24, 2018, https://www.bbc.com/burmese/in-depth-44239138

20 Nyi Nyi Kyaw, *Freedom of Religion, the Role of the State, and Interreligious Relations in Myanmar, (2018)*

မွတ်စလင် ရိုဟင်ဂျာများအပေါ် နဂါးမင်း စစ်ဆင်ရေး ဆင်နွှဲ၍ ဖိနှိပ်၊ မောင်းထုတ်မှုများ လုပ်ဆောင်ခဲ့ရာ ရိုဟင်ဂျာများစွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

လွတ်လပ်ရေး မရခင်ကတည်းက ပေါ်ပေါက်နှင့်နေသည့် ရခိုင်ပြည်နယ်အတွင်းမှမူဂျာဟစ်ဒင်ခွဲထွက်ရေး လှုပ်ရှားမှုများနှင့် ပတ်သက်၍ ၁၉၅၀ တဝိုက်တွင် အမျိုးသားရေးလှုံ့ဆော်သည့် စာရေးဆရာများနှင့် စာပေလက်ရာများ အပြိုင်းအရိုင်း ပေါ်ထွက်ခဲ့ဖူးသည်။ ထိုစာပေလက်ရာများအနက် ရွှေဒုံးဘီအောင်၏ 'ကိုယ်တော့်ကရုဏာ'၊ 'သွေးနဲ့ရေးတဲ့စာ'စသော ဝတ္ထုဇာတ်လမ်းများမှာ ထင်ရှားသည်။ ဝတ္ထုဇာတ်လမ်းအများစုသည် "ဗုဒ္ဓဘာသာကို အစ္စလာမ်ဘာသာက မဝါးမျိုသွားရေးအတွက် အဓိကကျသောအချက်မှာ အမျိုးသမီးများ ဖြစ်သည်"ဟူသော ဇာတ်ကြောင်းကို အဓိကပုံဖော်ထားပြီး ယင်းကဲ့သို့သောဇာတ်လမ်းတခု၌ အစ္စလာမ်ဘာသာဝင်များနှင့် လက်ထပ်သည့် ဗုဒ္ဓဘာသာအမျိုးသမီးများကို "ကုလားထစ်"ဟူသော အသုံးအနှုန်းဖြင့် ခေါ်ဆိုထားသည်။[21]

ဗိုလ်ချုပ်ကြီးနေဝင်း ၁၉၅၈ ခုနှစ်တွင် တကြိမ်၊ ၁၉၆၂ ခုနှစ်၌ တကြိမ် အာဏာသိမ်းပြီးနောက် အမည်အမျိုးမျိုးပေးထားသော အာဏာရှင်အစိုးရခေတ်တွင် ဗမာလူမျိုးကြီးဝါဒကိုအခြေခံပြီး ဗမာမဟုတ်သော လူမျိုးစုများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများ အထူးသဖြင့် အစ္စလာမ်ဘာသာကိုးကွယ်ကြသည့် လူမျိုးစုများအပေါ် ခွဲခြားဆက်ဆံသော၊ လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ်ခံဖြစ်စေသော နိုင်ငံတော်အဆင့် အပြုအမူများကို ပိုမိုလုပ်ဆောင်ကာ ခေါးစာခံအဖြစ် ပြဿနာရှာလေ့ရှိခဲ့သည်။[22] ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ ပြဋ္ဌာန်းကာ ယခင်ရှိပြီးသား ၁၉၄၈ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ ပြဋ္ဌာန်းချက်နှင့်ကွဲပြားစွာဖြင့် ဘာသာရေးနှင့် ယင်းဥပဒေပါ "တိုင်းရင်းသားဖြစ်မှု"နှင့် အံမဝင်သည့် လူနည်းစုများနှင့် "သွေးနှော"များကို ဒုတိယတန်းစား၊ တတိယတန်းစား ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားများသာ ဖြစ်ခွင့်ပြုခဲ့သည်။[23]

မြန်မာ့နိုင်ငံရေးသမိုင်းတလျှောက် ဘာသာရေးကို အခြေခံသည့် မဟုတ်တမ်းတရား စွပ်စွဲချက်များ၊ အမုန်းပွားစေမည့် ဇာတ်ကြောင်းများကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထုတ်လုပ်ခဲ့သော ကာလမှာ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံ၌ မြန်မာစစ်တပ်က အကြမ်းဖက်ဖြိုခွင်း၍ နိုင်ငံတော်အာဏာကို ထပ်မံသိမ်းပိုက်ပြီး အုပ်ချုပ်ခဲ့သော 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့'ခေတ်(၁၉၈၈ ခုနှစ်မှစတင်)နှင့် 'နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ'ခေတ်(၁၉၉၇ ခုနှစ်မှစတင်)တို့ ဖြစ်သည်။ အာဏာသိမ်းပြီး နှစ်အနည်းငယ်အကြာ ၁၉၉၁ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာနအောက်၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို တည်ထောင်ခဲ့သည်။ ထို့နောက် ထိုဦးစီးဌာနသည် နှစ်ဖက်လှ ဦးကျော်လွင် ရေးသားသည့် ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဟူသောစာအုပ်ကို ထုတ်ဝေပြီး[24] တောင်တန်းဒေသများတွင် ဗုဒ္ဓဘာသာသာသနာပြုဌာနများ ဖွင့်လှစ်ခဲ့သည်။[25] နောက်ပိုင်းနှစ်များတွင် အဆိုပါစာအုပ်အပါအဝင် စာအုပ်များကို ၉၆၉ အမှတ်တံဆိပ်အဖုံးဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

၉၆၉ လှုပ်ရှားမှုသည် 'အလွန်တရာ သနားကြင်နာတော် မူထသော၊ မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူထသော ဘုရားရှင်၏ နာမတော်ဖြင့် (အစပြုပါ၏)'ဟု အစ္စလာမ်ဘာသာဝင်တို့ ရွတ်ဖတ်ပွားများလေ့ရှိသည့် ကောင်းချီးတွင်ပါသော အာရဗီစကားလုံးများကို ဂဏန်းတန်ဖိုးဖြင့် ဖလှယ်ရာတွင် ၇၈၆ ရခြင်းကို "ထိုဂဏန်း

21 "ရွှေဒုံးဘီအောင်, *ကိုယ်တော့် ကရုဏာ*, သွေးသောက်မဂ္ဂဇင်း(၁၉၅၃)

22 Nyi Nyi Kyaw, *Freedom of Religion, the Role of the State, and Interreligious Relations in Myanmar, (2018)*

23 Justice Base, *နိုင်ငံသားဖြစ်ခွင့်အထောက်အထားလမ်းညွှန်, (2018)*

24 Nyan Lynn Thit Analytica, *အမျိုးသားရေးလှုပ်ရှားမှုနှင့် အမုန်းတရားတို့၏ စိန်ခေါ်ချက်များ, (2022)*

25 Nyi Nyi Kyaw, *Freedom of Religion, the Role of the State, and Interreligious Relations in Myanmar, (2018)*

သုံးခုပေါင်းလျှင် ၂၁ ရပြီး၊ ၂၁ ဆိုသည်မှာ ၂၁ ရာစုကို ကိုယ်စားပြုသောကြောင့် မွတ်စလင်တို့က ၂၁ ရာစု တွင် မြန်မာနိုင်ငံကိုသိမ်းပိုက်မည်”ဆိုသည့် ဇာတ်ကြောင်းအတုကို တည်ဆောက်ပြီး၊ ယင်းဇာတ်ကြောင်းကို တန်ပြန်သည့်သဘောဖြင့် ဆောင်ရွက်လာသော လှုပ်ရှားမှု၏ အစဖြစ်သည်။[26]

စစ်အစိုးရသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် ‘ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း’ကို စတင်တည်ထောင်ခဲ့သည်။[27] အမှန်စင်စစ် ကြံ့ခိုင်ရေးဟု အတိုကောက်ခေါ်သည့်ယင်းအဖွဲ့သည် အသစ်အဆန်း မဟုတ်ဘဲ ဝန်ကြီးချုပ်ဦးနုထံမှ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာအတင်းအဓမ္မ လွှဲပြောင်းရယူခဲ့သည့် ၁၉၅၈ ခုနှစ် အောက်တိုဘာလအတွင်း “အိမ်စောင့်အစိုးရ”က ‘ပြည်ထောင်စုမြန်မာနိုင်ငံကြံ့ခိုင်ရေး’အသင်းကို စတင်ဖွဲ့စည်းခဲ့ဖူးသည်။[28] ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြန်လည်ဖွဲ့စည်းလိုက်သည့် ကြံ့ခိုင်ရေးအသင်း၏ ရည်ရွယ်ချက်တွင် “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးကို ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေး” ဟူသောအချက်များ ပါဝင်သည်။[29] စစ်အစိုးရသည် ကြံ့ခိုင်ရေးအသင်းကို ၂၀၁၀ ပြည့်နှစ်တွင် ဖျက်သိမ်းကာ ‘ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ’အမည်ဖြင့် နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။[30]

၁၉၉၅ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို တည်ထောင်ပြီး “မြေမျို၍ လူမျိုးမပြုတ် လူမျိုးမှလူမျိုးပြုတ်မည်”ဟူသော စကားကို အဆိုပါဝန်ကြီးဌာန၏ ဆောင်ပုဒ်အဖြစ် သုံးစွဲခဲ့သည်။[31] ထိုဆောင်ပုဒ်မှာ အမှန်စင်စစ် အင်္ဂလိပ်ကိုလိုခေတ် ၁၉၂၁ ခုနှစ် အောက်တိုဘာလက မန္တလေးမြို့တွင်ပြုလုပ်သည့် GCBA အသင်းကြီး၏ နဝမအကြိမ်မြောက် ညီလာခံတွင် ဒီပဲယင်းဝန်ထောက်ဦးမြဲပြောကြားခဲ့သည့် စကားကို ပြန်လည်သုံးစွဲထားခြင်းဖြစ်သည်။[32] ၂၀၀၁ ခုနှစ်တွင် ‘အမျိုးပျောက်မှာစိုးကြောက်စရာ’ဟု အမည်ရသော အစ္စလာမ်မုန်းတီးရေး ဇာတ်ကြောင်းအမှားများစွာ ရေးသားထားသည့် စာအုပ်ထွက်ရှိခဲ့သည်။[33] ထိုခေတ်ကာလများအတွင် အခြားသော အစ္စလာမ်မုန်းတီးရေး စာအုပ်စာပေများ၊ ဆောင်းပါးများ ရှိခဲ့သော်လည်း ‘အမျိုးပျောက်မှာ စိုးကြောက်စရာ’သည် ပျံ့နှံ့မှုအရှိဆုံး၊ အရိုက်နိုပ်ရဆုံး စာအုပ်များထဲမှ တအုပ်ဖြစ်သည်။

မြန်မာစစ်တပ်က ပြုလုပ်သည့် ၂၀၁၀ မည်ကာမတ္တာရွေးကောက်ပွဲအပြီးတွင် အသွင်ကူးပြောင်းရေးကာလ အဖြစ် ၂၀၁၁ ခုနှစ်မှစတင်၍ အင်တာနက်ကို ပိုမိုလက်လှမ်းမီလာခဲ့ပြီးနောက် Facebook သည် နိုင်ငံရေးအင်အားစုများအတွက်သာမက အင်တာနက်အသုံးပြုသူများ၏ အဓိကကျင်လည်ရာရပ်ဝန်းတခု ဖြစ်လာခဲ့သည်။ သတင်းအသိပညာ(Media literacy)နှင့် ပတ်သက်၍ အလွန်အားနည်းနေချိန်တွင် လူမှုမီဒီယာများပေါ်၌ အမည်အမျိုးမျိုးဖြင့် အကောင့်များ၊ စာမျက်နှာများ၊ ဂရုများဖွဲ့စည်းကာ ဘာသာရေး၊ လူမျိုးရေးကို အခြေခံသည့် “အမုန်းစကား”နှင့် သွေးထိုးလှုံ့ဆော်မှုများ အဆမတန် များပြားလာခဲ့သည်။

---

26 Andrew R.C Marshall, “Special Report: Myanmar gives official blessing to anti–Muslim monks”, *Reuters*, June 27, 2013, https://www.reuters.com/article/us-myanmar-969-specialreport-idUSBRE95Q04720130627

27 “အရေးကြီး ရာထူးနှစ်ခု ရွေးဖို့ ကျန်နေသေးတဲ့ ကြံ့ခိုင်ရေးပါတီ ညီလာခံနောက်ကွယ်”, *BBC*, October 7, 2022, https://www.bbc.com/burmese/articles/cx978kj7lvyo

28 Ye Htut, *Myanmar’s Political Transition and Lost Opportunities (2010–2016)*, (2016)

29 Ibid

30 “ကြံ့ခိုင်ရေးအသင်းကို ဖျက်ပြီ”, *BBC*, July 15, 2010, https://www.bbc.com/burmese/articles/cx978kj7lvyo

31 Nyi Nyi Kyaw, *Freedom of Religion, the Role of the State, and Interreligious Relations in Myanmar, (2018)*

32 မြန်မာ့ရက်စဉ်သမိုင်း, သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန, စာ – ၂၈၃

33 Nyan Lynn Thit Analytica, *အမျိုးသားရေးလှုပ်ရှားမှုနှင့် အမုန်းတရားတို့၏ စိန်ခေါ်ချက်များ*, (2022)

ဝတ်စုံလဲထားသော ဦးသိန်းစိန်ဦးဆောင်သည့် ကြံ့ခိုင်ရေးအစိုးရတက်လာပြီးနောက် တကျော့ပြန် လူမျိုးရေးအကြမ်းဖက်မှုများ၏ ကနဦးအစအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ အစ္စလာမ်ဘာသာဝင်အမျိုးသားအချို့က ရခိုင်လူမျိုး အမျိုးသမီးတဦးကို မုဒိမ်းကျင့်ကာ သတ်ဖြတ်ခဲ့သည်ဆိုသော သတင်းတရပ်ထွက်ပေါ်ရာမှစ၍ ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများကတဘက် အစ္စလာမ်ဘာသာဝင်များဖြစ်သည့် ရိုဟင်ဂျာများနှင့် ကမန်လူမျိုးများကတဘက် လူမျိုးရေးပဋိပက္ခဖြစ်ပွားခဲ့သည်။[34] ထိုအဓိကရုဏ်းမှစတင်၍ ၂၀၁၅ အထိ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ မြို့များတွင် ဘာသာရေးသွေးထိုးလှုံ့ဆော်မှုများ ဖြန့်ဝေမှုရှိခဲ့သလို ဘာသာရေးအဓိကရုဏ်းများလည်း ဖြစ်ပွားခဲ့သလို နိုင်ငံတဝန်းလုံး၌လည်း ဘာသာရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။[35]

အရပ်သားတပိုင်း–စစ်တပိုင်းအစိုးရလက်ထက် (၂၀၁၁–၂၀၁၅)တွင် “အမုန်းစကား”နှင့် အမုန်းတရားဖြန့်ဝေမှုလုပ်ငန်းစဉ်၏ အဓိကကျသော ဖြစ်ရပ်အချို့ ပေါ်ပေါက်ခဲ့သည်။ ယင်းတို့အနက် ၉၆၉ ကို ကိုင်စွဲ၍ အစ္စလာမ်မုန်းတီးရေး ဦးဆောင်သူဖြစ်လာမည့် ဦးဝီရသူ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် လွတ်မြောက်လာမှုနှင့် ‘မဘသ’ဟု အတိုကောက်ခေါ်သည့် ‘အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့’ကို စတင်ဖွဲ့စည်းခဲ့ခြင်းတို့ ပါဝင်သည်။ အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သော်လည်း ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလတွင် ကျင်းပချိန် NLD ပါတီက ၄၅ နေရာဝင်ရောက်ယှဉ်ပြိုင်ရာတွင် ၄၃ နေရာ အနိုင်ရရှိခဲ့သည်။[36] ကြားဖြတ်ရွေးကောက်ပွဲအပြီး နှစ်လခန့်အကြာ၌ပင် ရခိုင်ပြည်နယ်တွင် “အမုန်းစကား”နှင့် ကောလာဟလမှ အစပြုကာ လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ဗုဒ္ဓဘာသာဆိုင်များ၌သာဈေးဝယ်ရန် လှုပ်ရှားမှုစတင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လတွင် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌လည်း ၉၆၉ အမှတ်တံဆိပ်များကို ဖြန့်ဝေလှုပ်ရှားသည့် သံဃာငါးပါးဖြင့် သာသနပါလဂန္ထဝါစကအဖွဲ့ကို  စတင်ဖွဲ့စည်းခဲ့သည်။[37]

မဘသအဖွဲ့ ပေါ်ထွန်းလာချိန်တွင် ၂၀၀၀ ပြည့်နှစ်လွန်ကာလများကတည်းက တည်ဆောက်လာခဲ့သည့် ၉၆၉ အယူအဆမှာလည်း မဘသလှိုင်းနှင့်အတူ ချိတ်ဆက်ကာ ၉၆၉ အဖွဲ့များအားလုံး မဘသခေါင်းစဉ်အောက်သို့ ရောက်လာ၍ အမျိုးသားရေးအင်အားစု ကြီးထွားလာသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၉၆၉ အမှတ်တံဆိပ်ကို ဗုဒ္ဓဘာသာအမှတ်တံဆိပ်အဖြစ် လှုပ်ရှားမှုများမဆောင်ရွက်ရန်အတွက် ၂၀၁၃ သြဂုတ်လ၌ တားမြစ်ချက်ထုတ်ပြန်ခဲ့သော်လည်း[38] မဘသ၏ ကြိုးစား၊ တိုက်တွန်းမှုဖြင့် “မျိုးစောင့်ဥပဒေ”လေးရပ်ဟု ခေါ်ဆိုသည့် (၁) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၊ (၂) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ (၃) ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် (၄) လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေတို့ကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။[39] ပြဋ္ဌာန်းရာတွင် မဘသဖွဲ့စည်းပြီးနောက်ပိုင်း မဘသ(ဗဟို) ဥက္ကဋ္ဌဆရာတော်က သမ္မတဦးသိန်းစိန်ကို

[34] ကျော်ခ, “မသီတာထွေးအမှု တရားခံများ သေဒဏ်ချမှတ်”, *The Irrawaddy*, June 18, 2022, https://burma.irrawaddy.com/news/2012/06/18/12519.html

[35] Olive, အထင်ကရဘာသာရေးအဆောက်အဦး ဖျောက်ဖျက်မှုများ, (2020)

[36] “ကြားဖြတ်ရွေးကောက်ပွဲ အနိုင်ရပြီး ၁ နှစ်အကြာ NLD ဘာတွေလုပ်နိုင်ခဲ့သလဲ”, *The Irrawaddy*, April 24, 2013, https://burma.irrawaddy.com/news/2013/04/24/38132.html

[37] Nyi Nyi Kyaw, *Freedom of Religion, the Role of the State, and Interreligious Relations in Myanmar, (2018)*

[38] မေစစ်ပိုင်, “သံဃနာယကအဖွဲ့၏ ပိတ်ပင်မှု ၉၆၉ အစည်းအဝေးခေါ်မည်”, *The Irrawaddy*, September 9, 2013, https://burma.irrawaddy.com/news/2013/09/09/47740.html

[39] See https://myanmar.gov.mm/pyidaungsuhluttaw

စာပေးပို့တောင်းဆိုခဲ့ပြီးနောက် သမ္မတက လွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့ကာ နောက်ဆုံးတွင် အငြင်းပွားမှုများအကြား ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ရာ အချိန်တိုအတွင်း ပြဋ္ဌာန်းနိုင်ခဲ့သည့် ဥပဒေများအနက် တခုအပါအဝင် ဖြစ်လာခဲ့သည်။[40]

ကြံ့ခိုင်ရေးပါတီခေါင်းဆောင် ဦးသိန်းစိန်ဦးဆောင်သည့် အရပ်သားတပိုင်း-စစ်တပိုင်း အစိုးရသည် သက်တမ်းကုန်ဆုံးခါနီးတွင် ဗုဒ္ဓဘာသာအမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုကို အလျင်အမြန်အုတ်မြစ်ချနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သလို ရွေးကောက်ပွဲနီးလာချိန်တွင် ကြံ့ခိုင်ရေးပါတီဝင်များ၏ ခြိမ်းခြောက်မှုများလည်း ရှိခဲ့သည်။ သမ္မတကခန့်အပ်ထားသည့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ စစ်ဗိုလ်ချုပ်ဟောင်း ဦးတင်အေးက ၂၀၁၅ ရွေးကောက်ပွဲလုပ်ရန် တနှစ်ဝန်းကျင်အလို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ၌ လွှတ်တော်ထဲတွင် ၂၅ ရာခိုင်နှုန်းကို စစ်တပ်ကိုယ်စားလှယ်များက ရွေးကောက်ခံရခြင်းမရှိဘဲ ဝင်ထိုင်နေခြင်းသည် စစ်တပ်က အာဏာပြန်မသိမ်းအောင် စီစဥ်ထားခြင်းဖြစ်ပြီး အကယ်၍ “တိုင်းပြည်ဆူဆူပူပူ ပြန်ဖြစ်မည်ဆိုပါက အာဏာပြန်သိမ်းမည်”ဟု မိမိ၏ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်လွန်၍ ခြိမ်းခြောက်ခဲ့ဖူးသည်။[41] ထို့အပြင် သမ္မတဦးသိန်းစိန်ကိုယ်တိုင်ကလည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် ၎င်း၏ပါတီ ရွေးကောက်ပွဲ၌ ရှုံးနိမ့်မည်ဆိုပါက အာရပ်နွေဦးပုံစံ “သွေးထွက်သံယိုကိစ္စများ” ဖြစ်လာနိုင်ကြောင်း ခြိမ်းခြောက်သယောင်ယောင် သတိပေးပြောကြားသည်။[42]

NLD ပါတီသည် ၂၀၁၅ ပြည်လုံးကျွတ် အထွေထွေရွေးကောက်ပွဲကာလတွင် “အမုန်းစကား”များ၏ တိုက်ခိုက်မှုကို အတိုင်းအတာတခုထိ ခံခဲ့ရသော်လည်း ရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြိုအနိုင်ရ၍ အစိုးရဖွဲ့ပြီးနောက်တွင် လူမျိုးရေး၊ ဘာသာရေးကို အခြေခံသည့် ကြီးမားသော“အမုန်းစကား”စိန်ခေါ်မှုများကို ရင်ဆိုင်လာခဲ့ရသည်မှာ နောက်ငါးနှစ်အကြာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မဲဆွယ်ကာလအထိဖြစ်သည်။ သို့သော် ထူးခြားသောအချက်မှာ နှစ်ပေါင်းများစွာဖိနှိပ်မှုနှင့် ဘာသာရေးကိုအခြေခံသည့် ဇာတ်ကြောင်းများဖြင့် တိုက်ခိုက်ခံရလေ့ရှိခဲ့သော NLD ပါတီသည်လည်း အစိုးရဖြစ်လာသောအခါ ခွဲခြားဆက်ဆံမှုဖြစ်စေမည့် “အမုန်းစကား”ဇာတ်ကြောင်းများနှင့် သတင်းအမှားများကို လက်လွှတ်စပယ်ဖြစ်စေ၊ နိုင်ငံတော်အဆင့်ဖြစ်စေ ထုတ်ပြန်၊ ဖြန့်ဝေမှုများ ရှိလာခြင်းဖြစ်သည်။

40 “မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေး လွှတ်တော်ကို သမ္မတဦးသိန်းစိန် တိုက်တွန်း”, *RFA*, February 27, 2014, https://www.rfa.org/burmese/news/president-suggest-protect-nationalism-bill-02272014100706.html

41 “မတည်ငြိမ်လျှင် စစ်အာဏာသိမ်းမည်ဟု ဦးတင်အေးပြောဆိုမှု နိုင်ငံရေးပါတီများ ရှုတ်ချ”, *The Irrawaddy*, December 17, 2014, https://burma.irrawaddy.com/news/2014/12/17/68688.html

42 “Myanmar president warns of Arab Spring-style violence”, *AFP*, November 4, 2015, https://www.mizzima.com/news-election-2015-election-news/myanmar-president-warns-arab-spring-style-violence

# အခန်း(၃)

## အရပ်သားအစိုးရလက်ထက် အမုန်းစကားဆိုင်ရာ အခြေအနေ (၂၀၁၆–၂၀၂၀)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း အစိုးရဖွဲ့ခွင့် မရခဲ့ဘဲ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို အနိုင်ရပြီးမှသာ ဖွဲ့စည်းသည့် နှစ်ပေါင်း ၅၀ ကျော်အတွင်း ရွေးကောက်တင်မြှောက်ဖွဲ့စည်းသည့် ပထမဆုံးအရပ်သားအစိုးရဖြစ်သည်။ ထို့အတူ NLD ပါအတီအတွက် အစိုးရအဖြစ် တာဝန်ယူရခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအတွေ့အကြုံဖြစ်သည်။ NLD အစိုးရလက်ထက်တွင် "အမုန်းစကား"နှင့်ပတ်သက်သည့် အပေါင်းသဘောရော၊ အနုတ်သဘောပါဆောင်သည့် ဖြစ်ရပ်များရှိခဲ့ပြီး ၎င်းတို့ကို ဤအခန်းတွင်သုံးသပ်ဆွေးနွေးသွားမည်ဖြစ်သည်။ အရပ်သားအစိုးရလက်ထက် "အမုန်းစကား"ဆိုင်ရာ အခြေအနေများကို သုံးသပ်ရာတွင် အဓိကအနေဖြင့် "အမုန်းစကား"နှင့်ပတ်သက်၍ အစိုးရ၏ ရပ်တည်ချက်၊ ကိုင်တွယ်မှု၊ အစိုးရကိုယ်တိုင်"အမုန်းစကား"သုံးစွဲမှု စသည့်အခြေအနေနှင့် လူ့အဖွဲ့အစည်းအတွင်း "အမုန်းစကား"ဖြန့်ဝေသူများ၏ အခြေအနေဟူ၍ အဓိကနှစ်ပိုင်းခွဲ၍ တင်ပြမည်ဖြစ်သည်။

### ၃.၁။ အမုန်းစကားအပေါ် အစိုးရ၏ နားလည်သဘောပေါက်မှု

အရပ်သားအစိုးရလက်ထက်တွင် "အမုန်းစကား"ကို တိုက်ဖျက်လိုသည့်အားထုတ်မှုများ၊ "အမုန်းစကား" ပြောသူများကို အရေးယူမှုများ၊ အားထုတ်လုပ်ဆောင်မှုများရှိခဲ့သော်လည်း "အမုန်းစကား"အပေါ် အစိုးရ၏နားလည်မှုသည် အငြင်းပွားစရာများရှိသည်။

USDP အစိုးရလက်ထက်က 'ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဥပဒေ'ဟု အမည်ပေးခဲ့သည့် ဥပဒေကြမ်းကို NLD အစိုးရလက်ထက်တွင် 'အမုန်းစကား တားဆီးကာကွယ်ရေးဥပဒေကြမ်း'ဟု အမည်ပြောင်းပြီး ဥပဒေရေး

ဆွဲရေးကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ပထမအကြိမ်လွှတ်တော်သက်တမ်းအတွင်း ၂၀၁၃ ခုနှစ်က အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်သို့တင်ပြခဲ့သော်လည်း သက်တမ်းပြီးဆုံးသည်အထိ ထိုဥပဒေကို ဆွေးနွေးနိုင်ခဲ့ခြင်းမရှိပေ။[43] ယင်းဥပဒေကြမ်းကို အရပ်သားအစိုးရလက်ထက်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အများပြည်သူသိရှိစေရန် ချပြခြင်းမရှိခဲ့သော်လည်း နောက်ဆုံးသိရသလောက်အထိ ဥပဒေကြမ်းကို ခုနစ်ကြိမ်ပြင်ဆင်တည်းဖြတ်ထားပြီး ဖြစ်သည်။[44] ယင်းဥပဒေကြမ်းသည် ၂၀၁၆ ခုနှစ်၌ အရပ်ဘက်အဖွဲ့အစည်းများထံသို့ သတင်းပေါက်ကြားမှု ဖြစ်ပေါ်ခဲ့ပြီးနောက်[45] ၂၀၁၇ ခုနှစ် ဧပြီလတွင် ဝန်ကြီးသူရဦးအောင်ကိုက ယင်းဥပဒေကြမ်းကို နိုင်ငံတော်အတိုင်ပင်ခံရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနကပါ ပြင်ဆင်ဖြည့်စွက်နေသည်ဟု ထုတ်ဖော်ပြောကြားသည်။[46] ၂၀၁၈ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ဘာသာရေးပဋိပက္ခများ လျှော့ချစေရန် ရေးဆွဲထားသည့် 'အမုန်းစကား တားဆီးကာကွယ်ရေး ဥပဒေကြမ်း' ဆက်လက်ရေးဆွဲအတည်ပြုရေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးထားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။[47]

သို့သော် ထိုဥပဒေကြမ်းနှင့်ပတ်သက်၍ အစိုးရက အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာချပြမှုအပိုင်းတွင် ပျက်ကွက်ခဲ့သည်။ ဥပဒေကြမ်းနှင့်ပတ်သက်၍ နောက်ထပ်စိုးရိမ်စရာတခုမှာ ထိုဥပဒေကြမ်းသည် "အမုန်းစကား"ကို တားဆီးကာကွယ်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့် အမှန်တကယ် ကိုက်ညီမှုရှိမရှိနှင့် အခြေခံရပိုင်ခွင့်တခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှုမရှိကြောင်း အာမခံနိုင်ခြင်း ရှိမရှိဖြစ်သည်။ နောက်ဆုံးအဆင့်တည်းဖြတ်ထားသည့် မူကြမ်းအရ ထိုဥပဒေကြမ်းတွင် "အမုန်းစကား"ဟူသော အသုံးအနှုန်းကို အလွန်ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဖြေရှင်းရေးနည်းလမ်းများတွင်လည်း ဆင်ဆာဖြတ်တောက်မှုနှင့် ထောင်ဒဏ်ကိုသာ အဓိကထည့်သွင်းထားသည်။[48]

အရပ်သားအစိုးရလက်ထက်တွင် "အမုန်းစကား"ဆိုင်ရာ ဥပဒေတရပ်ပြဋ္ဌာန်းနိုင်ခြင်းမရှိခဲ့ဘဲ "အမုန်းစကား" နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်စွဲဖြင့် 'အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန်လှုံ့ဆော်မှုကို တားဆီးခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း'ဆိုသည့် ညွှန်ကြားချက်တစောင်ကို ထုတ်ပြန်ခဲ့သည်။[49] သို့သော်လည်း အဆိုပါထုတ်ပြန်ချက်တွင် "အမုန်းစကား"လှုံ့ဆော်နေသူများကို ထိရောက်စွာ အရေးယူရန် မပါရှိဘဲ အစိုးရဝန်ကြီးဌာနများအနေဖြင့်  မိမိဌာနမှ ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများနှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ "အမုန်းစကား"ပြောဆိုသူများကို ရှုတ်ချရန်နှင့် တားဆီးရန်အတွက်သာ ညွှန်ကြားထားသည်။

---

43 အိအိတိုးလွင်, "လွှတ်တော်ကိုရောက်ရှိလာပြီဖြစ်တဲ့ အမုန်းစကား ကာကွယ်တားဆီးရေးဥပဒေ", *Myanmar Times*, October 5, 2017, https://myanmar.mmtimes.com/news/102192.html

44 Free Expression Myanmar "အမုန်းစကားတားဆီးကာကွယ်ရေးဥပဒေကြမ်း၏ ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးများမှ အကာအကွယ်", March 27, 2017, http://freeexpressionmyanmar.org/protection-against-hate-speech-bill/

45 Ibid

46 "အမုန်းစကားတားဆီးကာကွယ်ရေး ဥပဒေကြမ်း ရေးဆွဲနေ", *The Irrawaddy*, April 3, 2017, https://burma.irrawaddy.com/news/2017/04/03/132889.html

47 ရဲနိုင်, "အမုန်းစကားတားဆီးကာကွယ်ရေးစီမံချက်ဥပဒေကြမ်းခြောက်ကြိမ်မြောက်ပြင်ဆင်၍ပြည်ထဲရေးသို့ ပေးပို့ထား", *7 Day*, August 8, 2018, https://7day.news/ 133632

48 Free Expression Myanmar "အမုန်းစကားတားဆီးကာကွယ်ရေးဥပဒေကြမ်း၏ ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးများမှ အကာအကွယ်", March 27, 2017, http://freeexpressionmyanmar.org/protection-against-hate-speech-bill/

49 အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန်လှုံ့ဆော်မှုကိုတားဆီးခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း, *နိုင်ငံတော်သမ္မတရုံး*, April 20, 2020, https://www.president-office.gov.mm/?q=briefing-room%2Fannouncements%2F2020%2F04%2F21%2Fid-16410&fbclid=IwAR0AauJJznjUbxklYrfRIb305BWsCJW5YH4MbdOq66UZHTeR9SwU2e3NvDc

သမ္မတရုံး၏ ဧပြီလ ၂၀ ရက်နေ့ ထုတ်ပြန်ချက်သည် “အမုန်းစကား”ကာကွယ်တားဆီးရန် တကယ်ထိရောက်မှု မရှိသည့်အပြင် နိုင်ငံတကာစံများနှင့်လည်း မညီကြောင်းကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး လုပ်ဆောင်နေသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ Oliver Spencer က “အဲဒါက(ညွှန်ကြားချက်က) အဓိပ္ပာယ်ဝေဝါးနေသလို နိုင်ငံတကာစံနှုန်းတွေနဲ့လည်း မညီဘူး။ ဒီအမြစ်တွယ်နေတဲ့ကိစ္စတွေကို အပြစ်ပေးအရေးယူတဲ့နည်းလမ်းနဲ့ ဖြေရှင်းနိုင်လိမ့်မယ်ဆိုတဲ့ အရင်ကအာဏာရှင်တွေရဲ့ အတွေးအခေါ် (ပြီးတော့ အကောက်ကြံချင်တဲ့ ဒါမှမဟုတ် ခပ်နုံချာချာဆန်တဲ့ အတွေးအခေါ်)ပဲ ပြန်ဖြစ်လာတာ”ဟု ဝေဖန်သုံးသပ်သည်။[50]

အစိုးရ၏ “အမုန်းစကား”တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ARTICLE 19 အဖွဲ့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မူဝါဒဆိုင်ရာ သုံးသပ်ချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထိုသုံးသပ်ချက်တွင် ARTICLE 19 ၏ Asia Programme အကြီးအကဲ မက်သယူးဘက်ဂါက “ဆင်ဆာဖြတ်တောက်မှုနဲ့ ရာဇဝတ်ကြောင်းအရ အရေးယူတာကိုအခြေခံတဲ့ ကိုင်တွယ်ချဉ်းကပ်မှုတရပ်ကြောင့် ကောင်းတာထက် ထိခိုက်ဆုံးရှုံးမှုပဲ ပိုဖြစ်လာဖွယ်ရှိတယ်”ဟု ဝေဖန်သုံးသပ်သည်။[51]

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်ပတ်သက်၍ နောက်ထပ်သတိထားစရာအချက်မှာ အစိုးရတာဝန်စယူသည့် ၂၀၁၆ ခုနှစ်မှစတင်၍ “အမုန်းစကား”နှင့်ပတ်သက်သည့် မည်သည့်မူဝါဒမျှ မထုတ်ခဲ့ဘဲ အစိုးရသက်တမ်းကုန်ဆုံးခါနီးအချိန်တွင် ၂၀၁၉ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုဖြင့် တရားစွဲဆိုသည့်ဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံက သွားရောက်ဖြေရှင်းရန် တာဝန်ရှိလာသလို ‘ကမ္ဘာ့နိုင်ငံအားလုံးမှ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်’ Universal Periodic Review အတွက် ကုလသမဂ္ဂထံ အစီရင်ခံစာတင်ပြရမည့် သတ်မှတ်ကာလ နီးကပ်သည့်အချိန်တွင် ဤညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတရုံး၏ လုပ်ဆောင်ချက်မှာ အမှန်တကယ်အကောင်အထည်ဖော်လိုသည့်သဘောထက် မည်ကာမတ္တ လုပ်ဆောင်သည့်သဘောမျိုးဟု မေးခွန်းထုတ်စရာဖြစ်နေသည်။

NLD အစိုးရလက်ထက်တွင် အွန်လိုင်းပေါ်မှ ထုတ်ဖော်ပြောဆိုမှုများနှင့်ပတ်သက်၍ စောင့်ကြည့်မည့် Social Media Monitoring Team တခုကိုလည်း ဖွဲ့စည်းခဲ့သည်။ (အကျယ်ကို လွှတ်တော်တွင်းဆွေးနွေးမှု ခေါင်းစဉ်ဖြင့် ဆက်လက်ဖော်ပြထားသည်။) ထိုအဖွဲ့ ဖွဲ့စည်းခြင်းသည် မူလက “အမုန်းစကား”ကို စောင့်ကြည့်မည့် ပုံစံမျိုး ယူဆရသော်လည်း နောက်ပိုင်းတွင် နိုင်ငံကို အန္တရာယ်ပေးမည့် ပြည်ပလှုပ်ရှားမည့်များကို စောင့်ကြည့်ရန်သာဖြစ်သည်ဟု အစိုးရဘက် ဖြေရှင်းချက်ထုတ်ခဲ့သည်။ သို့သော် ထို Social Media Monitoring Team ၏ လုပ်ဆောင်မှု၊ လုပ်ပိုင်ခွင့်နှင့် အခန်းကဏ္ဍတို့မှာ ရှင်းရှင်းလင်းလင်းမရှိသလို ရွေးကောက်ပွဲပြုလုပ်ခါနီးတွင် အွန်လိုင်းပေါ်မှ “အမုန်းစကား”များ စောင့်ကြည့်၊ ဖယ်ရှားမှုနှင့်ပတ်သက်၍ သမ္မတရုံးက ထုတ်ဖော်ရှင်းလင်းပြောကြားလာခဲ့သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေ့က နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းပွဲတွင် သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက လူမှုမီဒီယာပေါ်ရှိ လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ “အမုန်းစကား”များ၊ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့်အကြောင်းအရာများကို အစိုးရက ဖယ်ရှားနေကြောင်း ရှင်းလင်းပြောကြား

50 လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး ကျွမ်းကျင်သူတဦးနှင့် တွေ့ဆုံမေးမြန်းချက်

51 Article 19, “Myanmar: Government’s approach to ‘hate speech’ fundamentally flawed”, February 4, 2020, https://www.article19.org/resources/myanmar-governments-approach-to-hate-speech-fundamentally-flawed/

ရာတွင် ကာလအပိုင်းအခြားကို ထည့်မပြောဘဲ Facebook ပေါ်မှ “account, page, group နှင့် post ပေါင်း ၃,၂၈၂ ခုနှင့် သတင်းမှားတင်နေသည့် ဝက်ဆိုက် ၂၃၀”ကို ဖြုတ်ချပိတ်ပင်ခဲ့ကြောင်း ပြောကြားသည်။[52] ပိတ်သိမ်းဆောင်ရွက်ရာတွင် “ဘာသာရေး၊ လူမျိုးရေး အမုန်းစကားနှင့် သတင်းတုသတင်းမှား ဖြန့်ဝေမှု… မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် လိင်စေ့ဆော်မှု ပြုလုပ်ခြင်းတို့ကို အခြေခံသည်”ဟု ပြောကြားခဲ့သည်။ ထို့နောက် နိုဝင်ဘာ ၄ ရက်နေ့ သမ္မတအိမ်တော် သတင်းစာရှင်းလင်းပွဲတွင်လည်း ထိုလုပ်ငန်းစဥ်များနှင့်ပတ်သက်၍ “ယန္တရား (Mechanism)အရ လုပ်ဆောင်တာတွေရှိသလို Facebook ကို တရားဝင်မက်ဆေ့(ချ်)ပေးရတာတွေလည်း ရှိတယ်။ Facebook က လူတွေက စိစစ်ပြီးတော့ Community Standard နဲ့အညီ ဆောင်ရွက်တာ ဖြစ်ပါတယ်”ဟု ဦးဇော်ဌေးက ပြောကြားခဲ့သည်။[53]

သို့သော် အစိုးရနှင့် Facebook ၏ အဆိုပါ ဖယ်ရှားရှင်းလင်းမှုသည် “အမုန်းစကား”မမြောက်သော အခြားအကြောင်းအရာများကို ရိုက်ခတ်မှုရှိခဲ့သည်။ ဥပမာအနေဖြင့် ထင်ရှားသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်၏ “ရှစ်လေးလုံးအရေးတော်ပုံနှင့် ယနေ့မြန်မာနိုင်ငံရေး”ဆိုသည့် ဆောင်းပါးကို Facebook က ဖြုတ်ချခဲ့သလို နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်း၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ရေးထားသည့် “၂၀၂၀ မှာ၂၀၁၅ ထက် ပိုနိုင်လိမ့်မည်”ဟူသော သုံးသပ်ချက် post ကို အကြိမ်ကြိမ် ဖယ်ရှားခဲ့သည်။[54]

NLD အစိုးရလက်ထက်တွင် ဗဟုဝါဒထွန်းကားရေးဆောင်ရွက်ချက်နှင့် ခွဲခြားဆက်ဆံမှုဖြစ်စေမည့် အရာများကို တားဆီးသည့်အနေဖြင့် စတုတ္ထတန်း စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်တွင်ပါဝင်သည့် “ဝံသာနု စိတ်ဓာတ်” ကဗျာကို ခွဲခြားဆက်ဆံမှုဆိုင်ရာ စာသားများပါနေသောကြောင့် ၂၀၁၉ မတ်လတွင် သင်ရိုးမှဖြုတ်ချခဲ့သည်။ အဆိုပါကဗျာတွင် “သွေးနှောတာကို ငါတို့မုန်း လူမျိုးအညွန့်တုံး”ဆိုသည့် စာသားသည် ခွဲခြားဆက်ဆံမှုမြောက်သလို ခေတ်စနစ်နှင့်လည်း မကိုက်ညီတော့သောကြောင့် အရပ်ဘက်အဖွဲ့အစည်းများက နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံ စာပေးပို့ပြီးနောက် ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် စတုတ္ထတန်းမှ ဒသမတန်းအထိ မြန်မာစာသင်ရိုးညွှန်းတမ်းများတွင် အတန်းလိုက်ထည့်သွင်းထားသည့် ယဥ်ကျေးမှုနှင့်ဘာသာရေး အကြောင်းအရာများကို လေ့လာဆန်းစစ်မှုအရ ဒသမတန်းသင်ရိုးပါ မြန်မာစကားပြေတွင် မျိုးချစ်စိတ် လှုံ့ဆော်ရေးနှင့်ပတ်သက်သည့် စာ ငါးပုဒ်၊ မြန်မာကဗျာလက်ရွေးစင်တွင် မျိုးချစ်စိတ်လှုံ့ဆော်ရေးကဗျာ လေးပုဒ် ပါဝင်နေသည်။[55] ထို့အပြင် တက္ကသိုလ်ပညာရေးအဆင့်တွင် ပထမနှစ်မြန်မာစာသင်ရိုး၌ ကိုလိုနီခေတ်က ရေးသားထားသည့် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ “အမျိုးနှင့်မျိုးစောင့်တရား”ကဲ့သို့သော စကားပြေကို ယခုတိုင် သင်ကြားနေဆဲဖြစ်သည်။ ထိုစကားပြေ၌ လူမျိုးတမျိုး မပျက်သုဉ်းရန် အမျိုးသမီးများတွင် အဓိကတာဝန်ရှိသောကြောင့် အမျိုးသမီးများအနေဖြင့် လူမျိုးခြား၊ ဘာသာခြားအမျိုးသားနှင့် လက်မထပ်သင့်ဟု ဖော်ပြထားသည်။

## ၃.၂။ လွှတ်တော်တွင်း ကြိုးပမ်းမှု

ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်အချို့သည် “အမုန်းစကား” ကာကွယ်တားဆီးနိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဂန့်ဂေါ မြို့နယ်

52 “အစိုးရ ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးက ဝက်ဆိုက် ၂၃၀ နှင့် ဖေ့ဘုတ်ခ် ၃၀၀၀ ကျော် ပိတ်သိမ်းခဲ့”, *DVB*, September 6, 2020, http://burmese.dvb.no/archives/408763

53 ဇင်လင်းထက်, “လူမှုကွန်ရက်ပေါ်က အမုန်းစကားပြောဆိုမှုများကို ဖယ်ရှားနေကြောင်း သမ္မတရုံးပြော”, *The Irrawaddy*, November 6, 2020, https://burma.irrawaddy.com/news/2020/11/06/232885.html

54 Ibid

55 ချင်းပညာရေးရှေ့ဆောင်, *မြန်မာ့ငြိမ်းချမ်းရေးအား ကျောင်းသင်ရိုးညွှန်းတမ်းမှရှုမြင်ခြင်း*, (2020)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်က အိုင်တီနည်းပညာအလွဲသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် အစိုးရကို တိုက်တွန်းအဆိုပြုခဲ့ရာ အဆိုပါအဆိုနှင့်ပတ်သက်၍ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်က ထောက်ခံဆွေးနွေးပြီး၊ တပ်မတော်သား ကိုယ်စားလှယ်နှင့် ကျန်လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အကြံပြုဆွေးနွေးသည်။[56] အဆိုရှင်က အဆိုပါအဆိုကို တင်သွင်းရခြင်းမှာ ပြည်သူလူထု၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်ကို ထိခိုက်စေရန် တင်သွင်းခြင်း မဟုတ်ကြောင်း၊ IT နည်းပညာသုံးစွဲမှုမှတဆင့် သတင်းအမှားများ၊ "အမုန်းစကား"များ ပျံ့နှံ့နေခြင်းကိုသာ တားဆီးနိုင်ရန်အတွက်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ သို့သော် သတင်းအမှား ဟူသောထုတ်ဖော်ပြောဆိုမှုပုံစံကို လုံးဝတားဆီး အပြစ်ပေးခြင်းသည် နိုင်ငံတကာစံနှုန်းများနှင့်မညီသလို 'အမုန်းစကား' ကို မည်သို့မည်ပုံ အဓိပ္ပာယ် ဖွင့်ဆိုသည်မှာလည်း မေးခွန်းထုတ်စရာဖြစ်သည်။

ထို့အပြင် ပြည်သူ့လွှတ်တော်တွင် အိုင်တီနည်းပညာအလွဲသုံးစားမှုဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းမည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်က အဆိုနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။[57] ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လူမှုကွန်ရက်စောင့်ကြပ်ကြည့်ရှုထိန်းကျောင်းရေးအဖွဲ့ (Social Media Monitoring Team)ကို ဖွဲ့စည်းသည်။[58] မြန်မာနိုင်ငံကဲ့သို့ ဥပဒေကို လိုချင်သလို အဓိပ္ပာယ်ဖွင့်လေ့ရှိသည့်ဓလေ့ အားကောင်းပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်စံတန်ဖိုးများကို အလေးထားမှုအားနည်းသည့်နိုင်ငံတွင် လူမှုကွန်ရက်ပေါ်မှ "အမုန်းစကား"များကို စောင့်ကြည့်မည့်ကိစ္စမှာ အထူးအငြင်းပွားဖွယ်ဖြစ်ကြောင်း အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြခဲ့သည်။ သို့သော်လည်း အများထင်ထားသည့်အတိုင်း "အမုန်းစကား"လှုံ့ဆော်နေသည့် ပြည်တွင်းအဖွဲ့များကို စောင့်ကြည့်ရန်မဟုတ်ဘဲ၊ ပြည်ပမှအနှောင့်အယှက်ပေးသည့် လူမှုကွန်ရက်နှင့် ပတ်သက်သည့် သွေးထိုးလှုံ့ဆော်မှုများကို ကာကွယ်စောင့်ကြည့်သွားရန်ဖြစ်သည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ဒုတိယတနှစ်တာကာလအတွင်း ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။[59]

"အမုန်းစကား"တားဆီးရေးနှင့်ပတ်သက်၍ လွှတ်တော်တွင်း နောက်ထပ်ကြိုးပမ်းမှုတခုမှာ အိမ်မဲမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာက ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အစိုးရကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(ICCPR)ကို လက်မှတ်ထိုးရန် တိုက်တွန်းသည့်အဆို တင်သွင်းခဲ့ခြင်းဖြစ်သည်။ ICCRP စာချုပ်သည် အရေးကြီးသည့် နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်တခုဖြစ်ပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဆိုပါက စာချုပ်ပါ အပိုဒ် ၂၀ အရ စစ်မက်တိုက်ရန် ဝါဒဖြန့်ချိမှုနှင့် ဘာသာရေး၊ လူမျိုးရေး၊ အမျိုးသားရေး သွေးထိုးလှုံ့ဆော်မှုများကို တားဆီးရမည်ဖြစ်သည်။ အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ "ဒီအဆိုတင်သွင်းစဉ်ကတည်းက ကျွန်မတို့နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူနည်းစုတွေရဲ့အခွင့်အရေး၊ ကျွန်မတို့ နိုင်ငံသားများရဲ့ နိုင်ငံရေးအခွင့်အရေးတွေကိုရရှိဖို့ ရည်ရွယ်ပြီး တင်ခဲ့တာ

---

56 "အိုင်တီ (IT) နည်းပညာအလွဲသုံးစားမှုများကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် (Monitoring)ပြုလုပ်နိုင်ရန် အစိုးရအားတိုက်တွန်းသည့်အဆိုပြည်သူ့လွှတ်တော်အတည်ပြု", *Daily Eleven*, November 9 2019, https://news-eleven.com/headline/21107

57 ထက်အာကာကျော်၊ဝဏ္ဏအောင်, "လူမှုကွန်ယက်တွင် အမုန်းစကားလှုံ့ဆော်မှုများစောင့်ကြည့်ရေးအဆို လွှတ်တော်အတည်ပြု", *7 Day News*, November 6 2017, https://7day.news/112513

58 "လူမှုကွန်ရက်တွေကို စောင့်ကြည့်ဖို့ကျပ်သန်းခြောက်ထောင်သုံးစွဲသင့် မသင့်", *BBC News*, May 22, 2018, https://www.bbc.com/burmese/burma-44205265?fbclid=IwAR0geBpKLBI9bT57Gb3ZQOiNmom3Vgf73i4Vz0X4TwO_vxUDWPp_85LeAoQ

59 Ibid

ဖြစ်တယ်”ဟု ကိုယ်စားလှယ်က ပြောကြားသည်။[60] အဆိုပါအဆိုနှင့်ပတ်သက်၍ NLD ပါတီမှ ကိုယ်စားလှယ်ခုနစ်ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး၊ USDP ပါတီမှ ကိုယ်စားလှယ်တဦးနှင့် တပ်မတော်သားကိုယ်စားလှယ် လေးဦးက ကန့်ကွက်ဆွေးနွေးသည်။ ထိုအဆိုနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က “သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းပြီး တော့ လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဓိကစာချုပ်များအားလုံးကို ပါဝင်လက်မှတ်ရေးထိုးရေးနဲ့ အတည်ပြုပါဝင်ရေးအတွက် လေ့လာလျက်ရှိပါတယ်”ဟု ဖြေကြားခဲ့ပြီး အဆိုရှင်ဒေါ်သန္တာ၏အဆိုကို မှတ်တမ်းအဖြစ်ထားရှိရန် တောင်းဆိုခဲ့သည်။[61]

သို့သော် ICCPR စာချုပ်ကို လက်မှတ်ရေးထိုးရေးမှာ နောက်ပိုင်းတွင် လူမသိသူမသိ အခြေအနေသို့ ရောက်ရှိခဲ့ပြီး ဒုတိယလွှတ်တော်သက်တမ်းပြီးဆုံးချိန်ထိ ထပ်မံဆွေးနွေးမှုများကို မတွေ့ရှိရတော့ပေ။

## ၃.၃။ အမုန်းစကားဆိုင်ရာဥပဒေမူဘောင်

မြန်မာနိုင်ငံတွင် “အမုန်းစကား”ပြဿနာကို ဖြေရှင်းရန် အထူးဥပဒေတရပ်မရှိသော်လည်း လက်ရှိဥပဒေမူဘောင်တွင် အသုံးပြုနိုင်သော ဥပဒေပြဋ္ဌာန်းချက်အချို့ ရှိပါသေးသည်။ ထိုအချက်နှင့်ပတ်သက်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး အထူးလုပ်ဆောင်နေသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ Oliver Spencer က “မြန်မာနိုင်ငံရဲ့ ဥပဒေမူဘောင်က ဘယ်လူ့အခွင့်အရေးဆိုင်ရာကိစ္စကိုမှ ဖြေရှင်းဖို့တော့ မလုံလောက်ပါဘူး။ နောက်တချက်က “အမုန်းစကား”ပြဿနာတွေကို ဥပဒေမူဘောင်တခုတည်းရှိရုံနဲ့လည်း လုံလုံလောက်လောက် မဖြေရှင်းနိုင်ပါဘူး။ အန္တရာယ်အရှိဆုံး အမုန်းစကားမျိုး၊ ဥပမာ နာမည်တပ်ပြောရရင် အကြမ်းဖက်ဖို့ လှုံ့ဆော်တာနဲ့ ပတ်သက်ရင်တော့ ရာဇသတ်ကြီးဥပဒေမှာ ပြဋ္ဌာန်းချက်တွေရှိပြီးသားပါ။ ဒါပေမဲ့ အဲဒီ ပုဒ်မတွေကို သုံးတာ တော်တော်ရှားပါတယ်”ဟု မှတ်ချက်ပြုသည်။[62]

အင်္ဂလိပ်ကိုလိုနီလက်ထက်မှ ယနေ့အချိန် ကျင့်သုံးနေဆဲဖြစ်သည့် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၁၅၃ (က)တွင်

> *“မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတခုနှင့်တခု ရန်ငြိုးစိတ်ထားအောင် သော်လည်းကောင်၊ မုန်းတီးစိတ်ထားအောင်သော်လည်းကောင်း၊ အားပေးအားမြှောက်ပြုခြင်း၊ ထိုသို့ အားပေးအားမြှောက်ပြုရန်၊ ကြိုးပမ်းအားထုတ်ခြင်းမပြုရန် တားမြစ်သည်။”*

ဟူ၍ ဖော်ပြထားသည်။

60 ပြည်သူ့လွှတ်တော်ဝက်ဆိုက်မှတ်တမ်းများ

61 Ibid

62 လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး ကျွမ်းကျင်သူတဦးနှင့် တွေ့ဆုံမေးမြန်းချက်

ထို့အပြင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ဂ) တွင်

*မည်သူမဆို၊ဖော်ပြချက်ကို ဖြစ်စေ၊ ကောလာဟလကို ဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင်၊ သို့တည်းမဟုတ် ဖြန့်ချိရာတွင် လူအမျိုးအစား အချင်းချင်းဖြစ်စေ၊ လူမျိုးစု အချင်းချင်းဖြစ်စေ တစ်ဘက်နှင့်တစ်ဘက်ပြစ်မှု ကျူးလွန်အောင် လှုံ့ဆော်ရန်အကြံရှိလျှင် သို့တည်းမဟုတ် အဆိုပါ လှုံ့ဆော်ခြင်းကိုဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင် ထိုသူကို နှစ်နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"*

ဟုလည်း ဖော်ပြထားသည်။

အစိုးရအနေဖြင့် ဆန္ဒရှိမည်ဆိုပါက အမုန်တကယ်အန္တရာယ်ရှိသောအမုန်းစကားနှင့် လူမျိုးစုအချင်းချင်းကြား အကြမ်းဖက်ရန် လှုံ့ဆော်နေသောဖြစ်ရပ်များကို "အမုန်းစကား"ဆိုင်ရာ အထူးဥပဒေတရပ်မရှိသေးသည့် တိုင် ရာဇသတ်ကြီးပါ ထိုပုဒ်မနှစ်ခုကိုအသုံးပြု၍ အရေးယူနိုင်ပေသည်။ သို့သော် သတင်းမီဒီယာများကို လေ့လာ စောင့်ကြည့်မှုအရ အရပ်သားအစိုးရလက်ထက်တွင် ရာဇသတ်ကြီး ပုဒ်မ ၁၅၃(က) ဖြင့် အရေးယူ ထားသော အမှုသုံးမှုရှိခဲ့ပြီး ထိုအနက်နှစ်မှုမှာ စစ်တပ်၏ အတင်းအကျပ်တပ်သားစုဆောင်းခြင်းခံခဲ့ရသည့်ကိစ္စ နှင့် ပတ်သက်၍ RFA သတင်းဌာနကို ဖြေကြားခဲ့သည့် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးနှင့် ၎င်းကို ဝန်းရံနေသည့် အစ်မဖြစ်သူ မနေဇာထွန်းအပြင် ဦးမြင့်ဇော်နှင့် မခင်ချိုနိုင်တို့ကို စစ်တပ်က တရားစွဲထားသည့် အမှုများ ဖြစ်သည်။

ထို့အပြင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ဂ) အမှုများကို ကြည့်ရာတွင်လည်း ကရင်နီပြည်(ကယားပြည်နယ်)တွင် ပြည်ထောင်စုအစိုးရက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် စိုက်ထူနေခြင်းကို ကန့်ကွက်ဆန္ဒပြသည့် ကရင်နီလူငယ် များအား ပြည်နယ်အစိုးရက တရားစွဲသည့်အမှု ဖြစ်ခဲ့သည်။ (နောက်ပိုင်းတွင် ယင်းပုဒ်မကို နိုင်ငံသားများ၏ ပုဂ္ဂိုလ် ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၊ ပုဒ်မ ၈(စ) ဖြင့် ပြောင်းလဲအမှုဖွင့် သည်။) ဘာသာရေး၊ လူမျိုးရေး အမုန်းပွားစေရန် ပြောဆိုမှုနှင့်ပတ်သက်ပြီး ပုဒ်မ ၅၀၅(ဂ)ဖြင့် အရေးယူသည့် အမှုဆိုရာတွင် အမျိုးသားရေးဝါဒီ စာရေးဆရာ မောင်သွေးချွန်က လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ခရစ်ယာန်ဘာသာ ဝင်ဖြစ်နေကြောင်း အမျိုးသားရေးဟောပြောပွဲတခုတွင် ထည့်သွင်းပြောကြားခဲ့သည့် အမှုတခုသာ သတင်းမီဒီ ယာများ၌ တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် "အမုန်းစကား"ကာကွယ်တားဆီးရေး အပိုင်းတွင် အဓိကလိုအပ်နေသောအချက်မှာ ဥပဒေပြုပြင်ပြောင်းလဲရေး မလုပ်ဆောင်နိုင်သေးလျှင်ပင် တည်ဆဲဥပဒေများ ကို မှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ "အမုန်းစကား"ပြဿနာကို ဥပဒေပြဌာန်းမှု တခုတည်းဖြင့် ဖြေရှင်းမည်ဆိုသောကိစ္စမှာ အလွန်အငြင်းပွားစရာကောင်းသလို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် စိုးရိမ်စရာကောင်းသော ကိစ္စ တရပ်လည်းဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ အစိုးရနှင့် စစ်တပ်စသည့် အာဏာပိုင်အင်စတီကျူးရှင်း များကိုယ်တိုင်က ရိုဟင်ဂျာမွတ်ဆလင်များအပါအဝင် ဖယ်ကြဉ်ခံ လူမှုအသိုင်းအဝိုင်းများအပေါ် အသိအမှတ် မပြုသည့် အပြုအမူများပြနေပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဘက်ပေါင်းစုံမှချိုးဖောက်နေသော နိုင်ငံ

တွင် "အမုန်းစကား"တားဆီးမည့် ဥပဒေဆိုသည်မှာ အလွန်သံသယရှိစရာဖြစ်သည်ဟု "အမုန်းစကား"ရေးရာ ကျွမ်းကျင်သူ သုတေသီတဦးက တွေ့ဆုံမေးမြန်းမှုအတွင်း ဖြေကြားသည်။[63]

## ၃.၄။ အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများအပေါ် ကိုင်တွယ်မှု

NLD အစိုးရလက်ထက်တွင် အမျိုးသားရေးအစွန်းရောက်လှုပ်ရှားသူများအပေါ် ဖိနှိပ်၊ ကန့်သတ်ခြင်းများနှင့် အစိုးရနှင့် အမျိုးသားရေးအစွန်းရောက်အုပ်စုများအကြား တင်းမာမှုများရှိခဲ့သော်လည်း NLD သည် ရွေးကောက်ပွဲ အနိုင်ရခါစက မဘသနှင့် သင့်မြတ်ရေးလမ်းစဖွင့်သည့်အနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပါတီနာယက ဦးတင်ဦး ဦးဆောင်သည့်အဖွဲ့က မဘသအဖွဲ့(ဗဟို) ရုံးသို့သွားရောက်ကာ ဦးဆောင်ဆရာတော်များနှင့် တွေ့ဆုံပြီး "စိတ်ထဲပြောစရာရှိတာ ပြောနိုင်၊ ဆူစရာရှိတာလည်း ဆူနိုင်ပါကြောင်း၊ လိုအပ်လို့ ခေါ်လိုက်ရင်လည်း တပည့်တော်အပြေးအလွှား လာခဲ့ပါမယ့်အကြောင်း"ကို ပန်ကြားခဲ့သည်။[64]

သို့သော် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက စင်ကာပူနိုင်ငံသို့ ရောက်ရှိနေချိန်တွင် "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရှိနေပြီးသားဖြစ်သောကြောင့် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ)မလိုအပ်တော့"ဟု ပြောကြားခဲ့သလို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင်လည်း လေဆိပ်၌ "မဘသ မလိုအပ်တော့ဘူး"ဟု ထပ်မံပြောကြားခဲ့ရာ မဘသဘက်က အစိုးရအနေ ဖြင့် ပြန်လည်ဖြေရှင်းပေးခြင်းမရှိပါက တနိုင်ငံလုံးအနှံ့ဆန္ဒပြမည်ဟု ကြေညာသည်။[65] ထို့နောက် ၂၀၁၇ ခုနှစ် မေလတွင် နိုင်ငံတော်သံဃမဟာနာယက (မဟန) ၄၇ ပါးစုံညီအစည်းအဝေးပြုလုပ်ရာ မဘသသည် "တရားမဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသာဖြစ်ကြောင်း ဆုံးဖြတ်ထားပြီးဖြစ်သောကြောင့်" 'မဘသ'အဖွဲ့ကို ဖျက်သိမ်းရန်နှင့် မဘသဆိုင်းဘုတ်များကို အပြီးအပိုင်ဖြုတ်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။[66] ရလဒ်အနေဖြင့် မဘသသည် မေလအတွင်း အဖွဲ့ဝင်များကို အထူးအသိပေးရှင်းလင်းပွဲလုပ်ဆောင်ကာ အမျိုးသာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့အစား 'ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်း' အဖြစ် အမည်ပြောင်းလဲ လှုပ်ရှားရမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[67] စစ်ဗိုလ်ချုပ်ဟောင်းတဦးဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကာ NLD အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်ခြင်းကြောင့် အမျိုးသားရေးနှင့် စစ်တပ်ထောက်ခံအုပ်စုများ၏ ပြင်းပြင်းထန်ထန်ဝေဖန်မှုကို ခံရလေ့ရှိသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကိုက "ဗုဒ္ဓဓမ္မ ပရဟိတဖောင်ဒေးရှင်းအမည်နဲ့ လူမှုရေးလုပ်ငန်းတွေဆက်လုပ်ပါမယ်ဆိုပြီးတော့ မဘသကနေပြီး ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းဖြစ်သွားတယ်။... ဒါတွေက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့ ညွှန်ကြားလွှာတွေအပေါ်မှာ မလိမ့်တပတ်လုပ်တာ ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကနေပြီးတော့ အခြေအနေစောင့်ကြည့်ပြီးတော့ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုများကို လိုအပ်တဲ့အချိန်မှာ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ၂၀၁၇ ဇူလိုင်လတွင်

---

63 အမုန်းစကားရေးရာကျွမ်းကျင်သူတဦးနှင့် တွေ့ဆုံမေးမြန်းချက်

64 "မဘသနဲ့ NLD တွေ့ဆုံ", *BBC News*, January 2, 2016, https://www.bbc.com/burmese/burma/2016/01/160102_nld_and_mabatha

65 "အစိုးရ တောင်းပန်ရမယ်လို့ မဘသ မိန့်ကြား", RFA, July 7, 2016, https://www.rfa.org/burmese/news/mabatha-press-conference-07072016081914.html

66 ထွန်းထွန်း, "မဘသ ဆိုင်းဘုတ်များ သတ်မှတ်ရက် မဖြုတ်သိမ်းပါက ဥပဒေအရ ဆောင်ရွက်မည်ဟု ဆို", *The Irrawaddy*, July 13, 2017, https://burma.irrawaddy.com/news/2017/07/13/138510.html

67 "ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းအမည်ဖြင့် မဘသ လှုပ်ရှားမည်", *The Irrawaddy*, May 29, 2017, https://burma.irrawaddy.com/news/2017/07/13/138510.html

ပြောကြားသည်။[68] ယင်းနောက် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် သံဃမဟာနာယကအဖွဲ့ကြီး၏ ၁၇ ကြိမ်မြောက် အစည်းအဝေးကိုပြုလုပ်ရာ မဘသကို အမည်ပြောင်းထားသည့် 'ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်း'အမည်ဖြင့်လည်း မည်သည့်အမှုကိစ္စကိုမျှ မဆောင်ရွက်ရန်နှင့် ယင်းဆိုင်းဘုတ်များကိုလည်း ၄၅ ရက်အတွင်း ဖြုတ်ချရန် ထပ်မံ ဆုံးဖြတ်ခဲ့သည်။[69] ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ၌ Myanmar Now သတင်းဌာန၏ တွေ့ဆုံမေးမြန်း ခန်းတွင် ဝန်ကြီးဦးအောင်ကိုက ကာကွယ်ရေးဦးစီးချုပ်ကို ရာသက်ပန်နာယကကြီးဘွဲ့ ပေးအပ်ထားသည့် YMBA အသင်းကြီးကို စောင့်ကြည့်နေပြီး မူလဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက်များအတိုင်းဆက်မရှိနေဘဲ နိုင်ငံရေး အကျိုးအမြတ်အလို့ငှာ ဦးတည်ချက်ပြောင်းလဲသွားမည်ဆိုပါက မဘသနည်းတူ မကြာခင်ချုပ်ငြိမ်းသွားလိမ့်မည် ဟု သတိပေးပြောကြားသည်။[70] သို့တိုင်အောင် မဘသ အမည်ပြောင်း ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းနှင့် အမျိုးသား ရေး အစွန်းရောက်အုပ်စုများက အစိုးရအပေါ် ပြောင်ပြောင်တင်းတင်း အာခံမှုအချို့လုပ်ခဲ့သလို[71] ဘာသာရေး အစွန်း ရောက်အုပ်စုများထဲမှ အဓိက "အမုန်းစကား" ပြောဆိုသူအချို့၏ လူသိရှင်ကြား "အမုန်းစကား"များ ပြောဆိုခဲ့မှုနှင့်ပတ်သက်၍လည်း အစိုးရက ကိုင်တွယ်ထိန်းချုပ် တားဆီးရန် အားထုတ်ခဲ့သည်။

## ဖြစ်စဉ်လေ့လာချက်များ

### *ဦးဝီရသူ*

ဦးဝီရသူသည် ၂၀၁၂ ခုနစ်၌ ထောင်မှလွတ်မြောက်ပြီးနောက် ဘာသာရေးသွေးထိုးမှုများ၊ အစိုးရကို တိုက်ခိုက်သည့် စကားများကို ပြောဆိုလာသည်မှာ ၂၀၁၅ တွင် ပိုမိုပြင်းထန်လာသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တွင် အစ္စလာမ်ဘာသာဝင်တဦးဖြစ်သည့် ရှေ့နေဦးကိုနီကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဦးကြည်လင်းနှင့် စီစဥ်သူ ဦးအောင်ဝင်းဇော်၊ ငွေကြေးစိုက်ထုတ်ပေးသူ ဦးဇေယျာဖြိုးတို့ကို ကျေးဇူးတင်ကြောင်း ဦးဝီရသူက လူမှုမီဒီယာ ပေါ်တွင် ရေးသားခဲ့ဖူးသည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဦးဝီရသူက "ဒီပွဲမှာတော့ အနာဂတ် မြန်မာ့သာသနာအတွက် စိုးရိမ်မှုတွေကင်းပျောက်သွားလို့ စိတ်သက်သာရာတော့ ရလိုက်တယ်။ ကြည်လင်း ကို ကျေးဇူးတင်တယ်၊ အောင်ဝင်းဇော်ကို ကျေးဇူးတင်တယ်၊ အောင်ဝင်းခိုင်ကို ကျေးဇူးတင်တယ်၊ ဇေယျာ ဖြိုးကို ကျေးဇူးတင်တယ်"ဟု ရေးသားခဲ့သည်။[72] ဘာသာတခုနှင့်တခုအကြား အမုန်းတရားများ ဟောပြောမှု ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဦးဝီရသူကို ၂၀၁၇ မတ်လ ၁၀ ရက်မှ ၂၀၁၈ မတ်လ ၉ ရက်အထိ တရားဟောခွင့် ပိတ်ခဲ့သည်။[73] သို့သော် ထိုဖြစ်စဥ်တွင် အစိုးရက အရေးယူဆောင်ရွက်ခြင်းထက် ဓမ္မစက်ဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမျိုးဖြစ်သည့်အတွက် အမုန်းစကားကို ထိန်းချုပ်နိုင်သည့်အဆင့်ထိ လုပ်ဆောင်နိုင် ခဲ့ခြင်း မရှိပေ။ ၂၀၁၉ ခုနှစ် မေလ ၅ ရက်နေ့တွင် အမျိုးသားရေးအစွန်းရောက်များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ

68 PTO, "မဘသအသွင်ပြောင်း ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းဆိုသည်မှာ မဟနကို မလိမ့်တပတ်လုပ်ခြင်းဟု သာသနာရေးဝန်ကြီးဆို", Myanmar Now, July 3, 2017, https://myanmar-now.org/mm/news/765

69 ဇေယျာမော်, "မဘသ အမည်ပြောင်းအဖွဲ့ကို တရားမဝင်အဖွဲ့အစည်းဖြစ်ကြောင်း မဟန ကြေညာချက်ထပ်ထုတ်", *Myanmar Now*, July 30, 2019, https://www.mizzimaburmese.com/article/59253

70 "လမ်းစဉ်သွေဖည်ရင် မဘသလို YMBA ချုပ်ငြိမ်းမယ်" သာသနာရေးဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းချက်, *Myanmar Now*, December 30, 2020, https://myanmar-now.org/mm/multimedia/5353

71 "မဘသနဲ့ ဗုဒ္ဓဓမ္မအဖွဲ့ဆိုင်းဘုတ်တွေ မဖြုတ်ဘဲ ဆက်လုပ်မယ်လို့ မဘသကြေညာချက်အပေါ် သာသနာရေးညွှန်မှူးပြော", *RFA*, September 4, 2018, https://www.rfa.org/burmese/news/religious-authority-respond-mabatha-statment-09042018071357.html

72 ထက်ခေါင်လင်း,"အခြေခံဥပဒေပြင်လိုသူတွေကို မဘသ သတိပေး", *Myanmar Now*, February 27, 2017, https://myanmar-now.net/mm/news/730

73 ငြိမ်းချမ်း, "ပွဲဆူနေသောဦးဝီရသူ၏ စကားလုံးများ", *7 Day News*, May 8, 2019, https://7day.news/155508

ဥပဒေပါ ပုဒ်မ ၅၉ ကာကွယ်စောင့်ရှောက်ရေးနှင့် ပုဒ်မ ၂၆၁ ပြင်ဆင်ရေး ဆန္ဒပြပွဲတွင် ဦးဝီရသူက လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ကျူးလွန်ထားသည့် စစ်သားများကို "ဘုရားလို ကိုးကွယ်သင့်ကြောင်း" ဟောပြောခဲ့သည်။[74] ထို့အပြင် "ကော်မရှင်ဖွဲ့လည်း ပြည်ပကကောင်တွေပဲ။ အနားခေါ်ထားလည်း ပြည်ပကောင်တွေပဲ။ အကြံပေးလည်း ပြည်ပကောင်တွေပဲ။ အတူသွားလည်း ပြည်ပကောင်တွေပဲ။ အတူအိပ်လည်း။။... အဲ့ဒါကြီးကိုပဲ ကျုပ်တို့ နိုင်ငံသမ္မတ ဖြစ်မယ်ဆိုရင် အကုန်လုံးခင်ဗျားတို့ ပြည်သူတရပ်လုံး ကုန်းသာပေးလိုက်ကြတော့။ သေရောဗျာ။ ... အတိုင်ပင်ခံနဲ့တင် ကျေနပ်တော့။ ဘုရားလက်ထက်ဆိုရင် ခွေးကတက်မှာပဲနေရမှာ" ဟုဟောပြောခဲ့သည်။[75] ထို့နောက် နိုင်ငံတော်အကြီးအကဲများကို ပုတ်ခတ်ဟောပြောမှုကြောင့် ဆိုကာ ၂၀၁၉ ခုနှစ် မေလအတွင်းက အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ကာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၄(က) 'နိုင်ငံတော်အကြည်ညိုပျက်စေမှု'ဖြင့် အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုခြင်း ဖြစ်သည်။ ထိုကဲ့သို့တရားစွဲဆိုခြင်းကြောင့် တနှစ်ကျော်ကြာ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာ လ ၃ ရက်နေ့တွင် လာရောက်အဖမ်းခံခဲ့သည်။[76] ထိုသို့ အဖမ်းခံရာတွင်လည်း အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အဝင်ဝ၌ "မိစ္ဆာ၊ အမျိုးယုတ်၊ ငှက်စုတ်ပါတီကို အမျိုးပြတ်အောင် တိုက်ထုတ်မယ်"ဟု ကြုံးဝါးခဲ့သည်။[77]

ဦးဝီရသူ၏ ဖြစ်စဥ်တွင် ဦးဝီရသူသည် ရဟန်းတပါးအနေဖြင့်သာမက လူသားတယောက်အနေဖြင့်ပင် အကြမ်းဖက်မှု၊ လူသတ်မှုများကို အားပေးအားမြှောက်ပြောဆိုခြင်းများ ပေါ်ပေါ်ထင်ထင်၊ ပရိသတ်အင်အား အပြည့်အစုံဖြင့် ဖြန့်ချိပြောကြားခဲ့သော်လည်း ထိုပြစ်မှုများအတွက် အမုန်းတရားပွားများစေသည့် ပြစ်မှုဖြင့် အရေးယူခြင်းမခံရဘဲ နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄(က)ဖြင့်သာ အရေးယူခံခဲ့ရသည်ကို တွေ့ရသည်။

### *ဦးလှဆွေ (ဘူးလက်လှဆွေ)*

ဦးလှဆွေသည် ၂၀၁၀ ပထမအကြိမ်လွှတ်တော်သက်တမ်း၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် USDP ဘက်မှ ထပ်မံဝင်ပြိုင်သော်လည်း ရှုံးနိမ့်သည်။ ပထမအကြိမ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဘဝက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ငြိမ်းချမ်းရေး ဆွေးနွေးရန် "...ရွှေလက်နဲ့ ခေါ်တုန်းလာပါ... ဘူးလက်(ကျည်ဆန်)လွှတ်ရတာ မကောင်းပါဘူး"ဟု ပြောကြားရာမှ ဘူးလက်အမည်တွင်လာခြင်းဖြစ်သည်။[78] ဦးလှဆွေသည် Facebook ပလက်ဖောင်းနှင့် တပ်မတော်ထောက်ခံပွဲနှင့် မဘသထောက်ခံပွဲများတွင် "အမုန်းစကားများ" အများဆုံးမျှဝေလေ့ရှိသည်။ ၂၀၁၉ ဩဂုတ်လ ၃ ရက်နေ့တွင် စစ်တပ်ထိပ်တန်းခေါင်းဆောင်များကို အမေရိကန်အစိုးရက အရေးယူပိတ်ဆို့ထားခြင်းနှင့်ပတ်သက်၍ ဆန့်ကျင်ဆန္ဒပြပွဲပြုလုပ်ခဲ့ရာ အဆိုပါဆန္ဒပြပွဲတွင် ဦးလှဆွေ၏အသုံးအနှုန်းများကြောင့် အစိုးရက နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ပုဒ်မ ၁၂၄ (က)ဖြင့် တရားစွဲဆိုခဲ့သည်။ မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဗုဒ္ဓသည်ပင် နှာခေါင်းစည်းတပ်ဆင်ထားရပုံ ရေးဆွဲထားသည့် မြန်မာပန်းချီဆရာမတဦး၏ သရုပ်ဖော်ပန်းချီကို ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၏လူမှုကွန်ရက်စာမျက်နှာတွင်လွှင့်တင်ခဲ့ရာ အပြင်းအထန်

[74] Ibid

[75] Ibid

[76] ထွန်းထွန်း,"တိမ်းရှောင်နေတဲ့ ဝီရသူပြန်လာအဖမ်းခံ", *The Irrawaddy*, November 2, 2020, https://burma.irrawaddy.com/news/short-news/2020/11/02/232661.html

[77] Ibid

[78] ခင်မို့မို့လွင်, "ဦးလှဆွေကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် တရားစွဲ ၊ဖမ်းဝရမ်းထုတ်ထား", *Myanmar Now*, August 8, 2019, https://www.myanmar-now.org/mm/news/2421

ဝေဖန်မှုများကြောင့် သံရုံးက ထိုပုံကို မကြာမီပြန်လည်ဖြုတ်ချခဲ့ရသည့်ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်သံရုံးသည် ဗုဒ္ဓရုပ်ပုံတွင်မျက်နှာဖုံးတပ်ရဲသော်လည်း သံရုံးကို အကြမ်းဖက်ဗုံးခွဲမည်ကို ကြောက်လန့်၍ တမန်တော်မိုဟာမက်ပုံကို ထိုသို့မလုပ်ရဲကြောင်း ဦးလှဆွေက ထည့်သွင်းပြောကြားခဲ့သည်။[79] ထိုကဲ့သို့ ပြောဆိုမှုနှင့်ပတ်သက်၍ အစ္စလာမ်ဘာသာကို ထိခိုက်စေသည့်အသုံးအနှုန်းများ ပါဝင်သည်ဟုဆိုကာ ဩဂုတ်လ ၆ ရက်နေ့တွင် အစ္စလာမ်ဘာသာရေးဆရာ ဦးဆန်းအောင်က သာသနာညှိုးနွမ်းစေမှု ပုဒ်မ ၂၉၅(က)ဖြင့် ကျောက်တံတားမြို့နယ် တရားရုံးတွင် တရားလိုပြု တိုင်တန်းခဲ့သော်လည်း အမှုဖွင့်အရေးယူသည်ကို မတွေ့ရှိရပေ။ သို့သော် ဩဂုတ်လ ၇ ရက်နေ့တွင် ကျောက်တံတားမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄–က ဖြင့် တရားစွဲဆိုပြီး ဖမ်းဝရမ်းထုတ်ခဲ့သည်။ ဦးလှဆွေသည်လည်း ဝရမ်းပြေးဘဝဖြင့် တနှစ်ကျော်ကြာ ထွက်ပြေးတိမ်းရှောင်နေပြီး ၂၀၂၀ ဒီဇင်ဘာလတွင် ရဲစခန်းသို့ သွားရောက်အဖမ်းခံခဲ့သည်။ [80]

## ၃.၅။ အရပ်သားအစိုးရလက်ထက် ပျံ့နှံ့နေသော အမုန်းစကားဆိုင်ရာ ယေဘုယျတွေ့ရှိချက်

၂၀၁၅ ရွေးကောက်ပွဲတွင် NLD ပါတီ တောင်ပြိုကမ်းပြိုအနိုင်ရရှိပြီးနောက် အရပ်သားအစိုးရသစ်ဖြစ်လာသည်မှာ နိုင်ငံရေးအခင်းအကျင်းသစ်ဖြစ်သည့်အတွက် “အမုန်းစကား”ဖြန့်ချိသည့်အုပ်စုများက နိုင်ငံရေးအမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ဖြန့်ဝေမှုများ အားကောင်းခဲ့သည်။ အထူးသဖြင့် မြန်မာစစ်တပ်နှင့် စစ်တပ်၏ လက်ဝေခံ နိုင်ငံရေးပါတီဖြစ်သည့် USDP ကိုထောက်ခံသူများနှင့် အမျိုးသားရေးအစွန်းရောက်အုပ်စုများက “အမုန်းစကား”များကို NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ပုတ်ခတ်တိုက်ခိုက်ရာတွင် ဘာသာရေး၊ လူမျိုးရေး၊ အမျိုးသမီးဖြစ်တည်မှုတို့ကို နှီးနွှယ်ပြောဆိုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ်စော်ကားမှုများကို လေ့လာရာတွင် နိုင်ငံခေါင်းဆောင်တဦးအဖြစ် တိုက်ခိုက်၊ စော်ကား၊ ပုတ်ခတ်ခြင်းကို ထည့်သွင်းစဥ်းစားခြင်းမပြုဘဲ အမျိုးသမီးဖြစ်တည်မှု၊ အစ္စလာမ်ဘာသာဝင်များအပေါ် ရပ်တည်ပေးခဲ့မှုများကို အခြေခံသည့် လူမျိုးရေးလှုံ့ဆော်မှုနှင့် အမျိုးသမီးမုန်းတီးမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုတွေကို တွေ့ရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကွယ်လွန်သွားပြီဖြစ်သော ခင်ပွန်းသည်မှာ နိုင်ငံခြားတဦးဖြစ်သည့်အတွက် ဒေါ်အောင်ဆန်း စုကြည်ကို “ကုလားမယား”ဟု ခေါ်ဝေါ်သလို အစ္စလာမ်ဘာသာဝင်နှင့် လက်ထပ်ထားသော လူ့အခွင့်အရေး အပါအဝင် နယ်ပယ်အသီးသီးရှိ ကျော်ဇောသောအမျိုးသမီးများ၊ နိုင်ငံခြားသားနှင့် ချစ်ခင်စုံမက်နေသူများကိုလည်း ၎င်းတို့၏ အမျိုးသမီးဖြစ်တည်မှုကို လိင်ပိုင်းဆိုင်ရာစော်ကားမှုများဖြင့် တိုက်ခိုက်မှုများ ရှိခဲ့သည်။

ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ တွေ့ရှိချက်အရ လူမျိုးရေးနှင့်နွယ်သော တိုက်ခိုက်မှုများတွင် ရိုဟင်ဂျာလူမျိုးများကို “ဘင်္ဂလီ”၊ “ခိုးဝင်ဘင်္ဂလီ”၊ “ရိုဟင်ညာ” စသော စကားရပ်များဖြင့် သုံးနှုန်းဖော်ပြမှုများရှိသည်။ ၂၀၂၀ ရွေး ကောက်ပွဲနီးကပ်လာသည့်ကာလများ၌ USDP ထောက်ခံသူများနှင့် အမျိုးသားရေးသမားများက “ဘုရားစင် မပျောက်ချင်ရင် USDP ကို မဲထည့်”ဟူသော မဲဆွယ်စကားလုံးများကို သုံးစွဲခြင်းများရှိခဲ့သည်။ သို့ရာတွင် NLD ပါတီဝင်များကိုယ်တိုင်ကလည်း ရွေးကောက်ပွဲကာလများ၌ မဲဆွယ်ရာတွင်ဖြစ်စေ၊ USDP ထောက်ခံသူနှင့် အမျိုးသားရေးအစွန်းရောက်များ၏ စွပ်စွဲချက်များကို တုံ့ပြန်ရာတွင်ဖြစ်စေ ရိုဟင်ဂျာများကို ခိုးဝင်ဘင်္ဂလီအဖြစ် ထပ်မံသုံးနှုန်းကာ ထိုဘင်္ဂလီများရောက်နေသည်မှာ မိမိတို့ကြောင့်မဟုတ်ဘဲ ယခင်စစ်အစိုးရများ၏

79 Ibid

80 Ibid

လုပ်ရပ်ကြောင့်ဖြစ်သည်ဆိုကာ ရိုဟင်ဂျာများကို ပုံဖျက်မှုများအား ဆက်လက်သုံးစွဲခဲ့ဖူးသည်။ ကိုရိုနာဗိုင်းရပ်ကပ်ဘေးကာလတွင် တရုတ်နိုင်ငံမှ စတင်ပျံ့နှံ့လာခဲ့သည်ဟူသော ယူဆချက်များနှင့် တရုတ်လူမျိုးများအပေါ် ပြောကြားမှုများလည်း အတိုင်းအတာတခုထိ အားကောင်းခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့ရှိ ခုံးကျော်တံတားများတွင် မသန်စွမ်းများ အသုံးပြုရန် အထောက်အကူများ ထည့်သွင်းတည်ဆောက်ထားခြင်း မရှိသောကြောင့် လူထုအသိပညာပေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ရာတွင် မသန်စွမ်းများအပေါ် "အမုန်းစကား"ဖြင့် တိုက်ခိုက်မှုများ ရှိခဲ့သည်။ ရွေးကောက်ပွဲကာလအတွင်း UNDP ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မသန်စွမ်း ကိုယ်စားလှယ်လောင်းအပေါ်လည်း မသန်စွမ်းဖြစ်မှုကိုအခြေခံကာ ပြောဆိုခြင်းများ ရှိခဲ့သည်။ အခြား သောပုံစံတခုအနေဖြင့် ဖြစ်ပွားနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်များကို အခြေခံ၍ LGBTQI+ များ အပေါ် အခါအားလျော်စွာ "အမုန်းစကား"ဖြင့် တိုက်ခိုက်မှုများလည်း ရှိခဲ့သည်။

LGBTQI+ များအပေါ် "အမုန်းစကား"များဖြင့် တိုက်ခိုက်သည့်ဖြစ်စဉ်များအနက် အထင်ရှားဆုံးကိစ္စတခုမှာ ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ထိုင်းနိုင်ငံ၊ မဟာချိုင်မြို့၊ ခုန်ခဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည့် တရားပွဲတခုတွင် LGBTQI+ များနှင့်ပတ်သက်၍ 'ကိုးဘွဲ့ရဆရာတော်'ဟု လူသိများသည် အရှင်အာစာရလင်္ကာရ၏ မှတ်ချက်စကားဖြစ်သည်။ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်ရှိ Myanmar Imperial University (MIU) ပုဂ္ဂလိကတက္ကသိုလ်၌ စာကြည့်တိုက်မှူးအဖြစ် အလုပ်လုပ်ကိုင်နေသူ ကိုကျော်ဇင်ဝင်းသည် LGBTQI+ ဖြစ်တည်မှုအပေါ် လုပ်ဖော်ကိုင်ဖက်အချို့၏ လှောင်ပြောင်ခြင်း၊ အနိုင်ကျင့် ဗိုလ်ကျခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် မိမိကိုယ်ကိုယ်အဆုံးစီရင်ခဲ့သည်။[81] အဆုံးမစီရင်မီ လူမှုမီဒီယာပေါ်တွင် ၎င်းကြုံတွေ့ခဲ့ရသောဖြစ်ရပ်များကို အထောက်အထားအဖြစ် ရေးသားခဲ့သည်။ ထိုင်းနိုင်ငံတရားပွဲတွင် ကိုးဘွဲ့ရဆရာတော်က ကိုကျော်ဇင်ဝင်းကို "အခြောက်၊ ဂန်ဒူး"ဟုခေါ်ဝေါ်ခဲ့သလို "ဂန်ဒူးတကောင်သေသွားတာ အေးတာပဲ။ ဘာလုပ်မှာလဲ ဆန်ကုန်မြေလေးတယ်။ ငါသာလေ သမ္မတဖြစ်ရင် အခြောက်တွေ တန်းစီပစ်သတ်တယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။ ထို့အပြင် ၎င်းဟောပြောနေသည့် တရားပွဲသို့ လာရောက်နာကြားသည့် ထိုင်းရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွင်း LGBTQI+ များပါဝင်ပါက "ရိုက်သတ်"ကြရန်လည်း ပြောကြားသည်။ ထိုဗီဒီယိုသည် အွန်လိုင်းပေါ်တွင် ပေါက်ရောက်ပျံ့နှံ့မှု ရှိခဲ့သည်။[82]

## ၃.၆။ အစိုးရပြောသော အမုန်းစကားများ

အရပ်သားအစိုးရလက်ထက်တွင် အစိုးရကိုယ်တိုင်က ဗဟုဝါဒပြန့်ပွားရေး၊ "အမုန်းစကား"များကို ကာကွယ်တားဆီးလျှော့ချရေး အစီအမံများကို ထိထိရောက်ရောက်လုပ်ရမည့်အစား ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘာသာရေးကိုအခြေခံပြီး ခွဲခြားဆက်ဆံသည့်ဘာသာစကားများ၊ ဖိနှိပ်ခံလူ့အသိုင်းအဝိုင်းများအပေါ်သတင်းအတုအယောင်များဖြင့် တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သည်။ အရပ်သားအစိုးရတာဝန် စတင်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ် ဧပြီလတွင် ပြုပြင်ပြောင်းလဲရေးလိုလားသူ ဗိုလ်မှူးချုပ်ဟောင်းဟု သတ်မှတ်ခံရသူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကိုသည် အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာ

---

81 KM, "ကိုကျော်ဇင်ဝင်းအမှု တွေ့ရှိချက် တရားဝင်ထုတ်ပြန်ပေးရန် လူ့အခွင့်အရေးကော်မရှင်ကို တောင်းဆို", *Myanmar Now*, August 26, 2019, https://www.myanmar-now.net/mm/news/2479

82 "သမ္မတဖြစ်ပါက အခြောက်များကို ပစ်သတ်မည်ဟု တရားပွဲတွင် ကိုးဘွဲ့ရဆရာတော် ထည့်သွင်းပြောကြား", *The Ladies News*, July 2, 2019, 2019, https://www.facebook.com/watch/?v=2150369925255324

ဝင်များကို "ဧည့်နိုင်ငံသား"များအဖြစ် ခေါ်ဝေါ်သုံးစွဲခဲ့သည်။ မီဒီယာအင်တာဗျူးတခုတွင် လူနည်းစုဘာသာဝင်များကို ဖိနှိပ်ချုပ်ချယ်လိုခြင်းမရှိသည့်သဘောကို ထုတ်ပြောခဲ့ခြင်းဖြစ်သော်လည်း အဆိုပါအသုံးအနှုန်းသည် အစ္စလာမ်ဘာသာဝင် နိုင်ငံသားများကို စော်ကားခြင်းဖြစ်သလို ဝန်ကြီးတဦးအနေဖြင့် ဘာသာရေးကို အခြေခံပြီး နိုင်ငံသားဖြစ်မှုအပေါ် ခွဲခြားဆက်ဆံသည့်အလေ့အထကို ထင်ဟပ်ခြင်းဖြစ်သောကြောင့် ဘာသာဝင်များက ဝေဖန်ကန့်ကွက်ခဲ့သည်။[83]

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ရှိ အလယ်သံကျော်ရွာတွင် Harakah al-Yaqin ဆိုသောအဖွဲ့ (နောက်ပိုင်းတွင် Rohingya Arakan Salvation Army (အာဆာ)ဟု အမည်ပြောင်းသွား)အဖွဲ့က နယ်ခြားစောင့်စခန်းများကို တိုက်ခိုက်ခဲ့သည်။[84] အဆိုပါတိုက်ခိုက်မှုတွင် ရဲကိုးယောက်နှင့် စစ်သားလေးယောက် သေသည်။ ထိုအချိန်မှစ၍ မြန်မာစစ်တပ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် "နယ်မြေရှင်းလင်းရေး"ခေါင်းစဉ်အောက်မှ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ရာ ရိုဟင်ဂျာပြည်သူများစွာ သတ်ခံခဲ့ရသလို စိတ်ထင်တိုင်း ဖမ်းဆီးခံရခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ တရားလက်လွတ်စီရင်ခြင်း စသည်တို့ကို ရင်ဆိုင်ခဲ့ရသည်။ စစ်တပ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် "နယ်မြေရှင်းလင်းရေး" ကို ၂၀၁၆ အောက်တိုဘာမှစတင်၍ ၂၀၁၇ အထိ၊ အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်၊ စက်တင်ဘာလများတွင် ဆက်လက်လုပ်ဆောင်ခဲ့ရာ ငါးနှစ်အောက်ကလေး ၇၃၀ အပါအဝင် ရိုဟင်ဂျာပြည်သူပေါင်း အနည်းဆုံး ၆,၇၀၀ သေဆုံးခဲ့ကာ အနည်းဆုံးရွာပေါင်း ၂၈၈ ရွာ မီးရှို့၊ ဖျက်ဆီးခံရသောကြောင့် သိန်းနှင့်ချီ၍ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ထွက်ပြေးခဲ့ကြရသည်။[85]

မြန်မာစစ်တပ်၏ "နယ်မြေရှင်းလင်းရေး"လုပ်ငန်းများ စတင်ပြီးနောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တရားဝင် Facebook စာမျက်နှာတွင် ရိုဟင်ဂျာအမျိုးသမီးများကို စစ်သားများက မုဒိမ်းကျင့်သည်ဆိုသောသတင်းမှာ သတင်းအတုယောင်များသာဖြစ်သည်ဟု ဝါဒဖြန့်ချိဖော်ပြခဲ့သည်။[86] ထို့အပြင် ၂၀၁၇ ခုနှစ် ဧပြီလတွင် BBC သတင်းဌာန၏ အင်တာဗျူးတခုတွင် ဒေါ်အောင်ဆန်းစုကြည်က "ဘာတွေဖြစ်နေသလဲဆိုတာကိုဖော်ပြဖို့ လူမျိုးစုအလိုက်ရှင်းလင်းဖယ်ရှားမှု (ethnic cleansing) ဆိုတဲ့စကားက ပြင်းထန်လွန်းပါတယ်" ဟု ရှောင်လွှဲဖြေကြားခဲ့သည်။[87] ၂၀၁၈ ခုနှစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက မြန်မာ့သမိုင်းတွင် ရိုဟင်ဂျာမရှိကြောင်း၊ ရိုဟင်ဂျာဆိုသည်မှာ တိုင်းရင်းသားမဟုတ်ကြောင်း၊ စာအုပ်ထုတ်ဝေရန် ရေးသားပြုစုလျက်ရှိကြောင်း ပြောကြားခဲ့သလို ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်လည်း မြန်မာ့တိုင်းရင်းသား မျိုးနွယ်စုတွင် ရိုဟင်ဂျာမရှိကြောင်း ဘင်ဂါလီအရေး ပိုမိုမရှုပ်ထွေးလာခင် မည်သို့ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း မေးမြန်းမှုများရှိခဲ့သည်။[88] အလားတူ ၂၀၁၈ ခုနှစ်၌ပင် အစိုးကလည်း ကုလသမဂ္ဂ သီးသန့်

83 PTO, "သာသနာရေးဝန်ကြီးသစ်၏ ပြောဆိုချက်ကို အစ္စလာမ်အသိုင်းအဝိုင်း ကန့်ကွက်", *Myanmar Now*, August 6, 2016, https://myanmar-now.net/mm/news/1756

84 Tim Johnston and Anagha Neelakantan, "The World's Newest Muslim Insurgency is Being Waged in Burma", International Crisis Group, December 15, 2016, https://www.crisisgroup.org/asia/south-east-asia/myanmar/worlds-newest-muslim-insurgency-being-waged-burma

85 "Myanmar Rohingya: What you need to know about the crisis", *BBC*, January 23, 2020 https://www.bbc.com/news/world-asia-41566561

86 Jonah Fisher, "Hounded and ridiculed for complaining of rape," *BBC*, March 11, 2017, https://www.bbc.com/news/magazine-39204086

87 "Aung San Suu Kyi: No ethnic cleansing of Myanmar Muslim minority", *BBC*, April 6, 2016, https://www.bbc.com/news/world-asia-39507350

88 "ရိုဟင်ဂျာမရှိကြောင်း ကမ္ဘာသိအောင် လွှတ်တော်မှာဆွေးနွေး", BBC, February 5, 2018, https://www.bbc.com/burmese/burma-42951145?fbclid=IwAR3Hd2rw9k111IIwne0Ej4Aa_zpBWTlsc979_FnfVIF2UIK1r1hN5-BMGYk

လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) က မြန်မာစစ်ခေါင်းဆောင်ခြောက်ဦးကို လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် နိုင်ငံတကာဥပဒေအရအရေးယူရန် တိုက်တွန်းထားသည်ကို အစိုးရက ပယ်ချခဲ့သည်။[89] နောက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံရုံး စာမျက်နှာက မုဒိမ်းမှုသတင်းအတုဆိုသော post ကို ပြန်လည်ဖြုတ်ချခဲ့ပြီး စစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် ယင်းစာမျက်နှာလည်း လူမှုမီဒီယာပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။

89 "ကုလအချက်အလက်ရှာဖွေရေးအဖွဲ့၏ တပ်မတော်အပေါ် စွပ်စွဲချက် မြန်မာအစိုးရ ပယ်ချ", *DVB*, August 28, 2018, https://burmese.dvb.no/archives/287521

# အခန်း(၄)

## စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက်ပိုင်း အမုန်းစကားဆိုင်ရာ အခြေအနေ

၂၀၂၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်မည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမဆုံးရက်စတင်မည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နံနက် အစောပိုင်းတွင် မြန်မာစစ်တပ်သည် နိုင်ငံခေါင်းဆောင်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူအများစုကို ဖမ်းဆီးကာ နိုင်ငံတော်အာဏာကို တရားမဝင် သိမ်းယူရန်ကြိုးပမ်းခဲ့သည်။ စစ်တပ်က ၂၀၂၀ ရွေးကောက်ပွဲတွင် "မဲစာရင်း မှားယွင်းမှုရှိသည်"ဟူသော စွပ်စွဲချက်ကို အခြေခံကာ ထိုအချိန်က အသက်ဝင်နေသေးသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ကာ ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရဟုဆိုကာ တရားမဝင်အာဏာသိမ်းမှုကို လုပ်ဆောင်ခဲ့သည်။ စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းသည့်အချိန်တွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် သမ္မတသက်တမ်းကုန်ဆုံးရန် နှစ်လကျန်နေသေးသည်။ စစ်တပ်သည် မဲစာရင်းမှားယွင်းသည်ဟူသော အကြောင်းပြချက်ကို အစောပိုင်း၌ ပေးခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်း၏ အမျိုးဘာသာသာသနာအရေး၊ ဗုဒ္ဓဘာသာ စော်ကားခံရခြင်း၊ တိုင်းတပါးသားတို့ လွှမ်းမိုးခြင်းစသည့် အမျိုးသားရေးဇာတ်ကြောင်းများကိုသာ သာသာထိုးထိုး ဖောင်းပေးပြောဆိုလာခဲ့တော့သည်။

ဒီမိုကရေစီလိုလားသူများ၊ ဇဟုဝါဒထွန်းကားရေးလုပ်ဆောင်နေသူများ၊ NLD ပါတီဝင်များ၊ လူ့အခွင့်အရေးလှုပ်ရှားသူများ၊ အစ္စလာမ်ဘာသာဝင်များအပါအဝင် လူနည်းစုများသည် စစ်တပ် ထောက်ခံသူများ၊ ဗုဒ္ဓဘာသာဘာသာရေးအစွန်းရောက်များ၏ အမျိုးမျိုးသော"အမုန်းစကား"များနှင့် ထို "အမုန်းစကား"များနှင့်ဆက်နွှယ်သည့် လက်တွေ့အကြမ်းဖက်မှုများကို အရပ်သားအစိုးရလက်ထက်ကတည်းက ကြုံတွေ့ခဲ့ကြရသော်လည်း စစ်အာဏာသိမ်းရန်ကြိုးပမ်းသည့်လုပ်ရပ်နောက်ပိုင်း စစ်ကောင်စီ၏ ကျောထောက်နောက်ခံပေးမှုကြောင့် ၎င်းတို့၏ လက်ဝေခံအုပ်စုများ၏ "အမုန်းစကား"များလည်း ပိုမိုမြင့်တက်လာခဲ့သလို "အမုန်းစကား"ဖြင့်တိုက်ခိုက်ခံရသူအုပ်စုများမှာလည်း တိုးလာခဲ့သည်။ တရားမဝင် စစ်အာဏာသိမ်းရန်ကြိုးပမ်းသည့်လုပ်ရပ်ကိုဆန့်ကျင်သည့် အနေဖြင့် နိုင်ငံ့ဝန်ထမ်းများက အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) ကို စတင်ခဲ့သလို နိုင်ငံတဝန်းရှိ ပြည်သူအများစုကလည်း သံပုံးတီးလှုပ်ရှားမှု၊ စစ်တပ်ထုတ်ကုန်သပိတ်မှောက်လှုပ်ရှားမှု၊ လမ်းမထွက်ဆန္ဒပြပွဲကြီးများအပါအဝင် လှုပ်ရှားမှုပေါင်းများစွာဖြင့် စစ်တပ်ကို ငြိမ်းချမ်းစွာဆန့်ကျင်ခဲ့

သည်။ CDM လှုပ်ရှားမှုနှင့် လူထုဆန္ဒပြ လှုပ်ရှားမှုများ ဟန်ချက်ညီညီဖြင့် အားကောင်းလာချိန်တွင် စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့သည် လူထုအပေါ် အကြမ်းဖက်မှုများ တစ ထက်တစ လုပ်ဆောင်လာခဲ့သည်။ စစ်တပ်က ဥပဒေမဲ့သတ်ဖြတ်မှုများ၊ အင်အားအလွန်အကျွံသုံးစွဲ၍ ရမ်းသမ်း ပစ်ခတ်သတ်ဖြတ်မှုများ ပေါ်ပေါ်ထင်ထင် ဆက်တိုက်လုပ်ဆောင်လာပြီးနောက် ပြည်သူများသည် စစ်ကောင်စီကို လက်နက်ကိုင်ခုခံရုံမှတပါး အခြားလမ်းမရှိတော့၍ ၂၀၂၁ မတ်လနှင့် ဧပြီလများ နောက်ပိုင်းတွင် လက်နက်ကိုင် ခုခံတော်လှန်ရေးအသွင် ကူးပြောင်းလာခဲ့သည်။

## ၄.၁။ အစွန်းရောက်ဝါဒမှိုင်းဖြန့်ချိမှုနှင့် ခြိမ်းခြောက်မှုများ

စစ်ကောင်စီသည် မြေပြင်ဆန္ဒပြပွဲများနှင့် ဒေသအသီးသီးရှိ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုများ ပြောင်ပြောင်တင်းတင်းလုပ်ဆောင်လျက်ရှိနေသလို တဘက်တွင်လည်း မီဒီယာကို အထူးကြပ်မတ်ထိန်းချုပ်လိုက်ပြီး ဝါဒဖြန့်ချိရေးကို အသုံးချကာ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလုပ်ဆောင်နေသူများအပေါ် ခြိမ်းခြောက်မှုများ၊ ပြည်သူ့ကာကွယ်ရေးတပ်နှင့် တော်လှန်ရေးအင်အားစုများက အကြမ်းဖက်မှုများကို ကျူးလွန်နေသည်ဟု လိမ်ညာပြစ်တင်စွပ်စွဲမှုများ လုပ်ဆောင်လာခဲ့သည်။ အာဏာသိမ်းရန်ကြိုးပမ်းပြီး ၁၀ ရက်အကြာ ဖေဖော်ဝါရီ ၁၀ ရက်နေ့က စစ်ခေါင်းဆောင် မင်းအောင်လှိုင်၏ ဗီဒီယိုမိန့်ခွန်းတွင် "နိုင်ငံ့ဝန်ထမ်းတချို့ဟာ မသမာသူတချို့က သွေးထိုးလှုံ့ဆော်လို့ လုပ်ငန်းခွင်တာဝန်ပျက်ကွက်နေရုံမက တာဝန်ထမ်းဆောင်နေသူတွေကိုလည်း နှောင့်ယှက်တားဆီးနေတယ်"ဟု ထည့်သွင်းပြောကြားကာ "ထိထိရောက်ရောက် တားဆီးသွားမယ်" ဟု ခြိမ်းခြောက် ပြောကြားခဲ့သည်။[90] စစ်ကောင်စီတပ်များသည်လည်း မြေပြင်တွင် ယင်းကာလကတည်းက ငြိမ်းချမ်းစွာဆန္ဒပြသူများကို အင်အားအလွန်အကျွံသုံးစွဲခြင်း၊ အကြမ်းဖက်ဖြိုခွင်းခြင်း၊ ကျည်ဆန်အစစ်အသုံးပြု ပစ်ခတ်ခြင်းတို့ လုပ်ဆောင်နေပြီဖြစ်၍ ဆန္ဒပြသူအချို့ ကျဆုံးခဲ့ရသည်။[91] ကျဆုံးသူများအနက် အများအပြားမှာ လူငယ်များဖြစ်ပြီး ဦးခေါင်းကို ကျည်ဆန်အစစ်ဖြင့် ပစ်ခံရသူများ ဖြစ်သည်။[92] စစ်ကောင်စီတပ်များ၏ အကြမ်းဖက်ပစ်ခတ်မှုကြောင့် တော်လှန်ရေးကာလအတွင်း ပထမဆုံး ကျဆုံးခဲ့သော မမြသွဲ့သွဲ့ခိုင်အပါအဝင် ဒေသအသီးသီးရှိ ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် ပြည်သူများ အပြင်းအထန် အကြမ်းဖက်ပစ်သတ်ခံနေရချိန်၌ မတ်လ ၂၇ ရက်နေ့တွင်ကျရောက်သည့် ဖက်ဆစ်တော်လှန်ရေးနေ့ နိုင်ငံလုံးကျွတ်ဆန္ဒပြမည့် အစီအစဉ်ကို ခြိမ်းခြောက်သည့်အနေဖြင့် စစ်ကောင်စီက နိုင်ငံပိုင် MRTV ရုပ်သံတွင် "နောက်စေ့နဲ့နောက်ကျောကိုဖောက်မယ့် အန္တရာယ်ရှိနေတယ်ဆိုတာ ရှေ့က မရှုမလှသေခဲ့ရတာ သင်ခန်းစာယူစေလိုပါတယ်"ဟု လူသိရှင်ကြား ခြိမ်းခြောက်ထုတ်ပြန်ခဲ့သည်။[93] စစ်ကောင်စီတပ်များ၏ အကြမ်းဖက် ဖြိုခွင်းပစ်သတ်မှုများနှင့် ဖမ်းဆီးသွားပြီးနောက် ရက်ပိုင်းအတွင်း အလောင်းသာပြန်ရသည့် ဖြစ်စဥ်များကို နိုင်ငံတကာမီဒီယာများကပါ ရုပ်သံသက်သေများဖြင့် ဖော်ပြခဲ့သည့်တိုင် စစ်ကောင်စီဘက်က သတင်းအမှားဖြင့်သာ မျက်နှာပြောင်တိုက် လိမ်လည်သလို ငြိမ်းချမ်းစွာဆန္ဒပြသည့် အုပ်စုများကို ဆူပူအကြမ်းဖက်သည့် အုပ်စုများအဖြစ် လှီးလွှဲပုံဖော်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက်နေ့က ပြုလုပ်သည့် စစ်ကောင်စီ သတင်းစာ ရှင်းလင်းပွဲတွင် စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ နှစ်လခန့်အချိန် အတွင်း လူပေါင်း ၆၀၀ ခန့် စစ်ကောင်စီလက်ချက်

---

90 "အာဏာဖီဆန်ရေးမှာပါဝင်တဲ့ ဝန်ထမ်းတွေကို စစ်ခေါင်းဆောင် ခြိမ်းခြောက်", *RFA*, February 11, 2021, https://www.rfa.org/burmese/news/military-leader-threaten-anti-military-coup-protesters-02112021181310.html

91 "မမြသွဲ့သွဲ့ခိုင် ကျည်ဆန်အစစ်နဲ့ ပစ်ခတ်ရလို့ ကွယ်လွန်", *RFA*, February 19, 2021, https://www.youtube.com/watch?v=G_WoKOctGDY

92 "ယနေ့သေဆုံးသူအများစုမှာ ဦးခေါင်းကို ပစ်ခံရသူ အသက် ၂၀ ဝန်းကျင်လူငယ်များဖြစ်", *Myanmar Now*, March 3, 2021, https://myanmar-now.net/mm/news/5942

93 "ဆန္ဒပြမယ့်သူတွေ ဦးခေါင်းကို ပစ်သတ်ခံရနိုင်ကြောင်း စစ်ကောင်စီ သတိပေး", *RFA*, March 26, 2021, https://www.rfa.org/burmese/news/military-threaten-youth-via-mrtv-03262021154950.html

ဖြင့် သေဆုံးခဲ့သည်ဆိုသည့် အချက်အလက်နှင့်ပတ်သက်၍ “အမုန်တကယ်သာ ဒီဆန္ဒပြတဲ့ လူအုပ်စုကို မောင်း ပြန်ရိုင်ဖယ်နဲ့ အော်တိုမစ်တစ် ပစ်မယ်ဆိုရင် အခု ခင်ဗျားတို့ ပြောနေတဲ့ လူ ၅၀၀ ဆိုတာ နာရီပိုင်းအတွင်း သေ တယ်”ဟု ခြိမ်းခြောက်သံပါသော ဝါဒဖြန့်ချိမှုကို ထုတ်ဖော် ပြောဆိုခဲ့သည်။[94] ယင်းအပြင် အမျိုးသားညီညွတ်ရေး အစိုးရက ပြည်သူ့ကာကွယ်ရေးတပ်ကို မေလ ၅ ရက်နေ့၌ တရားဝင်ဖွဲ့စည်းပြီးနောက် မေလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၏တရားဝင် ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ(CRPH)၊ တရားဝင်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)များ ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် စစ်ကောင်စီ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က နိုင်ငံပိုင်မီ ဒီယာများမှတဆင့် ထုတ်ပြန်ကြေညာခဲ့သည်။[95] စစ်ကောင်စီသည် အမှီအခိုကင်းသော သတင်းမီဒီယာများကို တရားမဝင် ဖျက်သိမ်းခြင်း၊ ရုံးများကို စီးနင်းဖျက်ဆီးခြင်း၊ တိုက်ပိုင်နှင့် အလွတ်တန်း သတင်းမီဒီယာသမားများ ကို ဖမ်းဆီးခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်းတို့ မြေပြင်တွင် ပြုလုပ်ခြင်းအားဖြင့် မီဒီယာလွတ်လပ်မှုကို အပြီအပြင်နှိပ်ကွပ် နေသလို စစ်တပ်လိုလားသည့် မီဒီယာအမည်ခံ ဝါဒဖြန့်ချိရေးအုပ်စုများကို ၎င်းတို့၏ သတင်းစာရှင်းလင်းပွဲများ တွင် ခေါ်ယူဖိတ်ကြားကာ ပြည်သူ့ပြန်ကြားရေးသဖွယ် ဖြေကြားသည့်အခါတွင်လည်း တော်လှန်ရေးအုပ်စုများ၊ NUG၊ CRPH နှင့် PDF များကို ဘာသာရေး၊ လူမျိုးရေး၊ အမျိုးသားရေးတို့ကို အခြေခံကာ အကြမ်းဖက်သမားများ အဖြစ် စွပ်စွဲပုံဖော်လေ့ရှိသည်။

၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သည့် စစ်ကောင်စီသတင်းစာရှင်းလင်းပွဲတွင် စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြည်သူ့ကာကွယ်ရေးတပ်များက ဘုရားပုထိုးစေတီများကို တိုက်ခိုက်ကာ ဘုန်းတော် ကြီးများကို သတ်ဖြတ်နေသည်ဟု စွပ်စွဲပြီး PDF များကို အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာတို့က သွေးထိုး မြှောက်ပင့်ပေးနေသဖွယ် ချိတ်ဆက်၍ မဟုတ်မမှန်လုပ်ဆောင်မှုများ ထည့်သွင်းပြောကြားခဲ့သည်။[96]

သတင်းစာရှင်းလင်းပွဲများကဲ့သို့ စစ်ခေါင်းဆောင်၏ မိန့်ခွန်းများတွင်လည်း ဝါဒဖြန့်ချိရေးနှင့် ဘာသာရေးမှိုင်း များကို မကြာခဏတွေ့ရသည်။ အာဏာသိမ်းပြီးခုနစ်လအကြာ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် စစ်ခေါင်းဆောင်မင်း အောင်လှိုင်က NLD အရပ်သားအစိုးရအုပ်ချုပ်ခဲ့သည့် ပြီးခဲ့သော ငါးနှစ်တာကာလအတွင်း “ဗုဒ္ဓဘာသာဝင်များ အတွက် စိတ်အားညှိုးငယ်ဖွယ်ရာများနှင့် ကြုံခဲ့ရပါတယ်” ဟု ထည့်သွင်းပြောကြားသည်။[97] မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်သည့် နိုင်ငံဖြစ်ကြောင်းနှင့် မိန့်ခွန်းများတွင် မကြာခဏထည့်ပြောတတ်သည့် မင်းအောင်လှိုင်သည် ‘မဘသ’နှင့် မဘသအမည်ပြောင်း ‘ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်း’တို့ကို ဖျက်သိမ်းခဲ့ခြင်း အပေါ် မကျေနပ်ကြောင်း အာဏာသိမ်းရန်ကြိုးပမ်းပြီး တနှစ်နီးပါးအကြာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ ဝါဒဖြန့်သတင်းစာပါ မိန့်ခွန်းတွင် မကျေမနပ် ထည့်သွင်းပြောကြားသည်။[98] ထို့အပြင် NLD အစိုးရလက်ထက် တွင် ပညာရေးသင်ရိုး၌ လိင်အသိပညာပေးခေါင်းစဥ်ဖြင့် ထည့်သွင်းသင်ကြားခဲ့ခြင်းသည်လည်း “မြန်မာ့ ယဥ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေ”ကြောင်း ယင်းမိန့်ခွန်း၌ ပြောကြားသည်။[99]

94 “သေနတ်နှင့် တကယ်ပစ်ပါက လူ ၅၀၀ ကို နာရီပိုင်းအတွင်း ပစ်သတ်နိုင်ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းပြော”, *The Irrawaddy*, April 9, 2021, https://burma.irrawaddy.com/news/short-news/2021/04/09/240621.html

95 “NUG ကို အကြမ်းဖက်အဖွဲ့အဖြစ် စစ်ကောင်စီ သတ်မှတ်ကြေညာ”, *VOA*, May 9, 2021, https://burmese.voanews.com/a/myanmar-junta-nug/5883750.html

96 “စစ်ကောင်စီက ဘာသာရေးအသုံးချပြီး သွေးခွဲဖို့ ကြိုးစားနေကြောင်း လေ့လာသူတွေ သတိပေး”, *RFA*, May 20, 2022, https://www.rfa.org/burmese/program_2/junta-weaponize-religion-05202022110733.html

97 ဆလိုင်းဟင်နရီ, “အာဏာသိမ်းစစ်အုပ်စုလက်ခုပ်ထဲက ဘာသာရေးလွတ်လပ်ခွင့်”, *The Irrawaddy*, September 8, 2021, https://burma.irrawaddy.com/article/2021/09/08/245803.html

98 “မဘသ ဖျက်သိမ်းခြင်းကို စစ်ခေါင်းဆောင် မကျေနပ်ဝေဖန်”, *Myanmar Now*, February 2, 2022, https://myanmar-now.org/mm/news/10320

99 Ibid

စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး ခုနစ်လခန့်အကြာ ၂၀၂၁ ခုနှစ် သြဂုတ်လတွင် သမ္မတဟောင်း ဦးသိန်းစိန်လက်ထက် ဝန်ကြီးတဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ရေတပ်ဗိုလ်ချုပ်ကြီးဟောင်း ဦးစိုးသိန်း၏ “ဒီမိုကရေစီ ဒုတိယအစိုးရသစ်နှင့် မြန်မာနိုင်ငံ”စာအုပ်လည်း ထွက်ရှိခဲ့သည်။ အမှန်စင်စစ် ထိုစာအုပ်မှာ ဒုတိယတွဲဖြစ်ပြီး ပထမတွဲသည် အထွေထွေရွေးကောက်ပွဲမကျင်းပခင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက ထွက်ရှိခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်နှစ်တွဲစလုံးသည် လူထုလက်ထဲ ကျယ်ကျယ်ပြန့်ပြန့်မရောက်ရှိဘဲ ကြံ့ခိုင်ရေးပါတီခေါင်းဆောင်ပိုင်းနှင့် စစ်တပ်အသိုင်းအဝိုင်းအတွင်းသာ လက်သိပ်ထိုး ပျံ့နှံ့ရောက်ရှိခဲ့သောကြောင့် ဝယ်ယူရရှိရန်ခက်ခဲသော်လည်း သတင်းမီဒီယာများ၏ ကောက်နုတ်ဖော်ပြချက်များအရ အဓိကအနေဖြင့် အတွဲ(၁) တွင် NLD ပါတီသာ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့မည်ဆိုပါက တိုင်းပြည်အခြေအနေဆိုးမည်ဖြစ်ကြောင်း၊ အမျိုးဘာသာသာသနာ ပပျောက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားလွှမ်းမိုးမည်ဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များကို ICC သို့အပ်ပြီး ဦးသန်းရွှေအပါအဝင် စစ်ဗိုလ်ချုပ် ၃၆ ဦးကို သေဒဏ်ပေးရန်ထိ အစီအစဉ်ရှိကြောင်း စသည့် ဇာတ်ကြောင်းများကို အွန်လိုင်းပေါ်ရှိ မဘသများ၊ တပ်ထောက်ခံသူများ၏ “အမုန်းစကား” များ၊ အချက်အလက်အမှားများ၊ သတင်းအမှားများကို ကိုးကား၍ အမြောက်အများဖော်ပြထားသည်။[100] အဓိကအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်က Arakan Rohingya Union ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ ဝါကာအူဒင်ထံသို့ စာရေးသားပေးပို့ခဲ့သည်ဆိုသော သတင်းအမှားကို ထည့်သွင်းရေးသားထားသည်။[101] အာဏာသိမ်းရန် အားထုတ်မှုနောက်ပိုင်းတွင် ထွက်ရှိသည့် ဒုတိယတွဲ၌ ဦးစိုးသိန်းက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်ကို “မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ပြန်လည်ထိန်းသိမ်းခဲ့”သည့်နေ့အဖြစ်ပင် တင်စားထားသည်။[102]

စစ်ကောင်စီ၏ စစ်တပ်အသိုင်းအဝိုင်းအတွင်းနှင့် လက်လှမ်းမီသလောက် ထောက်ခံသူအနည်းငယ်ကြား၌ အာဏာဆက်လက်တည်မြဲရေးအတွက် သတင်းအမှားများနှင့် ဝါဒဖြန့်ချိမှုများကို လုပ်ဆောင်နေသည့် အထောက်အထားများ ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ထွက်ပေါ်လာခဲ့သည်။ CDM ဝင်လာသည့် တပ်အရာရှိများ၏ မှတ်တမ်းစာရွက်များအရ တပ်တွင်း၌ အမျိုးသမီးများပါမကျန် သတင်းအတုများ၊ သတင်းအမှားများကို Facebook လူမှုမီဒီယာနှင့် Telegram messaging application များတွင် ဝါဒဖြန့်ချိနေကြရကာ မိမိတို့၏ နေ့စဉ်ဝါဒဖြန့်လုပ်ငန်းစဉ်များကို အထက်ကို အစီရင်ခံတင်ပြနေရသည်။ စစ်တိုင်းများအလိုက် အထက်အရာရှိများက သတင်းအတု၊ သတင်းအမှားများကို ဖြန့်ဝေရပြီး လက်အောက်ငယ်သားများက မဖြစ်မနေ Like ပေးရန်လည်း ညွှန်ကြားထားသည်ဟု CDM ဗိုလ်ကြီး ဇင်ယော်က မီဒီယာတခုကို ဖြေကြားသည်။[103]

ထို့အပြင် အင်တာနက်ဖြတ်တောက်ထားသော ဒေသများနှင့် ရုံဖန်ရံခါ မြို့ပေါ်ရှိ လူသွားလူလာလမ်းမများပေါ်တွင်လည်း NUG၊ PDF နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ပတ်သက်၍ ဘာသာရေး၊ လူမျိုးရေးအခြေခံသည့် သွေးထိုးလှုံ့ဆော်မှု၊ ဝါဒမှိုင်းများ စစ်တပ်က ဖြန့်လေ့ရှိသည်။ ၂၀၂၁ သြဂုတ်လအတွင်းကိုဗစ်တကျော့ပြန် လှိုင်းထချိန်တွင် မြန်မာနိုင်ငံတွင်း ရောဂါကြောင့် ကွယ်လွန်သူအများအပြားရှိခဲ့သည်။ ထိုအချိန်တွင် စစ်ကောင်စီက ယင်းကာလတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကားများဖြင့်လှည့်လည်၍ဖြစ်စေ၊ လက်ကမ်းစာစောင်များ လိုက်လံကပ်၍ ဖြစ်

100 “အာဏာသိမ်းစေချင်တဲ့အကြောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီးရဲ့ ဖွင့်ဟဝန်ခံချက်”, *BBC News*, January 29, 2022, https://www.bbc.com/burmese/burma-60182869

101 Ibid

102 “ပြုပြင်ပြောင်းလဲရေးအရေခြုံ ဦးစိုးသိန်း”, *The Irrawaddy*, January 11, 2022, https://burma.irrawaddy.com/article/2022/01/11/248827.html

103 “စစ်ကောင်စီ၏ နေ့စဉ်သတင်းအမှားဖြန့် လုပ်ငန်းစဉ်ပေါက်ကြား”, *Myanmar Now*, October 14, 2021, https://myanmar-now.net/mm/news/8813

စေ NUG နှင့် PDF တို့က ကိုဗစ်ကူသကာကွယ်ရေးလုပ်ငန်းများတွင် အဖျက်အမှောင့် ပြုလုပ်နေသည်ဟု ဝါဒဖြန့်ချိခဲ့သည်။[104] စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့၊ ယင်းမာပင်၊ ဘုတလင်၊ ကျွန်းလှ၊ မင်းကင်း အပါအဝင် မြို့အများအပြားနှင့် မကွေးတိုင်းရှိ ယော၊ ဂန့်ဂေါစသည့် မြို့အချို့တို့တွင် ဗုဒ္ဓဘာသာဖြစ်သည့် PDF များနှင့် စစ်ကောင်စီတပ်များ အချင်းချင်း စစ်တိုက်နေလျှင် ဘာသာခြားများဖြစ်သည့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် အစ္စလာမစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) တို့က ဝမ်းသာနေလိမ့်မည်ဖြစ်ကြောင်း နှင့် OIC က ဗုဒ္ဓဘာသာအချင်းချင်းသတ်ဖြတ်အောင် ဝါဒဖြန့်ပြီး ငွေကြေးနှင့်လက်နက် နောက်ကွယ်မှ ထောက်ပံ့နေသည်ဟု ရေးသားထားသော လက်ကမ်းစာစောင်များကို ရဟတ်ယာဥ်များဖြင့် ကြဲချသည်များလည်း ရှိခဲ့သည်။[105] ရခိုင်ပြည်နယ်တွင် AA ကို မုန်းတီးစေရန် ဘာသာရေးအခြေခံသည့် ဝါဒမှိုင်းဖြန့်သည့် လုပ်ရပ်ကိုလည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင်[106] တွေ့ရှိခဲ့ပြီး အခြားမြို့များတွင်လည်း အလားတူဖြစ်စဥ်များ ရှိကောင်းရှိနေနိုင်သည်။

စစ်ကောင်စီသည် အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် နိုင်ငံတကာဖိအားများနှင့်လည်း ရင်ဆိုင်နေရပြီး ရိုဟင်ဂျာအရေးကိစ္စမှာ ထင်ရှားသောကိစ္စများထဲမှ တခုဖြစ်သည်။ စစ်ကောင်စီက အာဏာသိမ်းရန်ကြိုးပမ်းသည့် လုပ်ရပ်အပြီး လပိုင်းအကြာကတည်းက ရိုဟင်ဂျာများနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နှင့် ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာများကို နေရပ်ပြန်ခေါ်မည့် လေသံပစ်ခဲ့သလို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စစ်ကောင်စီခန့် ဝန်ကြီးဒေါ်သက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့အဖွဲ့များသည် မောင်တောမြို့နယ်ရှိ ဒုက္ခသည်စခန်းများကို ဟန်ပြသွားရောက်ကြည့်ရှုခဲ့သည်။ ယင်းနောက် မွတ်ဆလင်များကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့တွင် ခရီးသွားလာမည်ဆိုပါက ခရီးသွားလာခွင့် ထောက်ခံချက် ပုံစံ(၄)နှင့်မှသာ သွားရမည်ဟု ဒေသန္တရအာမိန့်ထုတ်ပြန်ခဲ့သည်။[107] ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း ဒီဇင်ဘာလတွင် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်သည့်အထိ အမုန်းတရားများ ပြန့်ပွားစေမည့် ရေးသားဖော်ပြမှုများကို ထိထိရောက်ရောက် မကိုင်တွယ်မှုဖြင့် ရိုဟင်ဂျာဒုက္ခသည်များက Facebook လူမှုမီဒီယာပိုင်ရှင် Meta ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၁၅၀ ဘီလျံ လျော်ကြေးပေးရန် တရားစွဲဆိုခဲ့သည်။[108] ယင်းနောက် ၂၀၂၂ ခုနှစ် မတ်လတွင် အမေရိကန်အစိုးရက မြန်မာစစ်တပ်သည် ရိုဟင်ဂျာလူနည်းစုများအပေါ် လူမျိုးသုဥ်းသတ်ဖြတ်မှု ကျူးလွန်ခဲ့ကြောင်း တရားဝင် ဆုံးဖြတ်လိုက်သည်။[109] ယင်းဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက စစ်သားတဦးချင်း ကျူးလွန်ခဲ့ခြင်းရှိနိုင်သော်လည်း “တပ်မတော်တရပ်လုံးအနေနဲ့ ဂျီနိုဆိုက်ကျူးလွန်ခဲ့တာ မရှိဘူး။ လူမျိုးသုဥ်းသတ်ဖြတ်မှု ကျူးလွန်တာမရှိဘူး။ ရှိစရာလည်း အကြောင်းမရှိဘူး” ဟုဆိုကာ Genocide ကို ငြင်းဆိုခဲ့သည်။[110] ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၅ မှ ၂၀၂၁ ခုနှစ်ထိ ခုနစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး နေ့ဦးတော်လှန်ရေးတွင် CDM ဝင်လာသည့် ဗိုလ်ကြီးနေမျိုးသက်က  Myanmar Now နှင့်  တွေ့ဆုံမေး မြန်းခန်း

104 “ကိုဗစ်ကာကွယ်ရေး၌ NUG နှင့် PDF တို့သည် အဖျက်အမှောင့်လုပ်နေဟု စစ်ကောင်စီ ကြေညာ”, *The Irrawaddy*, August 22, 2021, https://burma.irrawaddy.com/news/2021/08/25/245493.html

105 “ရဟတ်ယာဥ်နှင့် ကြဲသောစာတွင် ခြိမ်းခြောက်မှု၊ ဘာသာရေးလှုံ့ဆော်မှု ပါဝင်”, *Myanmar Now*, June 6, 2021, https://myanmar-now.net/mm/news/8813

106 “ရခိုင် ၃ မြို့နယ်တွင် ဘာသာရေးနှင့် AA ဆန့်ကျင်ရေး ဝါဒဖြန့်စာများ ကပ်”, *Myanmar Now*, June 6, 2021, https://myanmar-now.net/mm/news/8813

107 “ရိုဟင်ဂျာတွေ နေရပ်ပြန်ရေး မသေချာသေး”, *RFA*, January 11, 2022, https://www.rfa.org/burmese/program_2/rohingya-01112022012114.html

108 “အမုန်းတရား ပြန့်ပွားစေမှုနဲ့ ရိုဟင်ဂျာဒုက္ခသည်တွေ ဖေ့စ်ဘုတ်ကို တရားစွဲဆို”, *VOA Burmese*, December 7, 2021, https://burmese.voanews.com/a/rohingya-facebook-hate-speech/6342539.html

109 “Biden administration rules Myanmar army committed genocide against Rohingya”, *Reuters*, March 21, 2022, https://www.reuters.com/world/asia-pacific/exclusive-biden-administration-rules-myanmar-army-committed-genocide-against-2022-03-20/

110 “ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုမရှိ၊ စစ်သည်တဦးချင်းတဖွဲ့ချင်း မှားယွင်းမှုရှိနိုင်ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းပြော”, *DVB*, March 24, 2022, https://burmese.dvb.no/archives/524012

တွင် ရိုဟင်ဂျာရွာများကို ရှင်းလင်းရေးလုပ်ခဲ့စဉ်က တပ်အရာရှိများ၏ အမိန့်ညွှန်ကြားချက်များနှင့် စနစ်တကျ လုပ်ဆောင်မှုများအကြောင်းကို အသေးစိတ်ဖော်ပြကြားထားသည်။[111]

ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံသားဖြစ်ခွင့်နှင့် လွတ်လပ်စွာသွားလာနေထိုင်ခွင့် အပါအဝင် ရပိုင်ခွင့်များစွာ ချိုးဖောက်ခံနေရသော ရိုဟင်ဂျာများသည် အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်မှ အခြားဒေသများသို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် သွားရောက်ရာတွင် စစ်ကောင်စီရဲတပ်ဖွဲ့၏ ဖမ်းဆီး ခံရခြင်း၊ လူဦးရေအဆမတန်ပြည့်သိပ်ကြပ်သည့် ကားများအတွင်း အချိန်ကြာမြင့်စွာ စီးနင်းလာရသောကြောင့် အသက်ရှူကြပ်ကာသေဆုံးခြင်းတို့ ကြုံတွေ့နေရသည်။ ဖမ်းဆီးထောင်ကျခံထားရသော ရိုဟင်ဂျာများမှာလည်း အကျဉ်းထောင်များအတွင်း အရိုက်နှက်ခံနေရသည့်အပြင် မိလ္လာခပ်ထုတ်ခြင်းစသည့် အောက်တန်းအကျဆုံး အလုပ်များ ခိုင်းစေခံနေရသည်။[112] တစ်ချိန်တည်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားခရိုင်ရှိ ဒုက္ခသည်စခန်း များတွင် ခိုလှုံနေရသည့် ရိုဟင်ဂျာများမှာလည်း လှေဖြင့်ထွက်ပြေးသည့်အရေအတွက်များ တိုးပွားလာရာ ၂၀၂၂ ခုနှစ်၏ ပမာဏသည် ၂၀၂၁ ခုနှစ်ကထက် ငါးဆခန့် မြင့်တက်လာခဲ့သလို ၂၀၂၂ သည် ပင်လယ်ပြင်တွင် ရိုဟင် ဂျာများ သေဆုံးမှု အများဆုံးနှစ်တနှစ်ဖြစ်လာခဲ့သည်။[113]

## ၄.၂။ စစ်တပ်၏ ဒေါက်တိုင်များ ခေါင်းထောင်လာခြင်း

စစ်တပ်သည် "မဲမသမာမှုဖြစ်သည်"ဟူသော စွပ်စွဲချက်ဖြင့် အာဏာသိမ်းရန်ကြိုးပမ်းခဲ့ပြီးသည့်တိုင်အောင် ရွေးကောက်ခံအစိုးရကို ဖြုတ်ချခဲ့ပြီးနောက်ပိုင်းတွင် တိုင်းပြည်အာဏာကို တရားမဝင် ဆက်လက်ဆုပ်ကိုင် ထားနိုင်ရန် ၎င်း၏ဇာတ်လမ်းဟောင်းကြီးဖြစ်သည့် အမျိုးသားရေး အစွန်းရောက်ဝါဒကိုသာ ကိုင်စွဲလာခဲ့ပြန် သည့်အတွက် ၎င်း၏အဓိကဒေါက်တိုင်ဖြစ်သည့် ဘာသာရေး၊ လူမျိုးရေး၊ အမျိုးသားရေးအစွန်းရောက်အုပ်စု များကို တဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ပိုမိုအားထား၊ အသုံးချလာခဲ့သည်။ စစ်တပ်၏ လမ်းကြောင်းချ ပေးမှုနှင့်အတူ အရပ်သားအစိုးရလက်ထက်တွင် အကန့်အသတ်များဖြင့် တိမ်မြုပ်နေခဲ့ရသည့် အမျိုးသားရေး အစွန်းရောက် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် တစထက်တစ ချိတ်ဆက်ထကြွ လုပ်ကိုင်လာခဲ့သည်။

စစ်ကောင်စီဥက္ကဋ္ဌ မင်းအောင်လှိုင်သည် အာဏာသိမ်းရန်ကြိုးပမ်းပြီး လအနည်းငယ်အကြာတွင် မဘသ ဦးဆောင်ဆရာတော်နှစ်ပါးကို သွားရောက်တွေ့ဆုံ ဆပ်ကပ်ခဲ့သည်။[114] အပြန်အလှန်အားဖြင့် စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းသည့်လုပ်ရပ်ကို အစောဆုံးထောက်ခံသည့်အဖွဲ့အစည်းအနေဖြင့် 'ဗုဒ္ဓဘာသာ ကလျာဏယုဝ' ခေါ် YMBA အသင်းကြီးက ၂၀၂၁ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် စာအမှတ် ၁၅/ (YMBA) ၂၀၂၁ ဖြင့် ထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။[115]

---

111 "ရိုဟင်ဂျာအရေးအခင်းတွင် အောက်ခြေစစ်သားများကို ထိုင်ရာစိုင်းခွင့်ပေးခဲ့ဟု တပ်အရာရှိပြော", *Myanmar Now*, April 2, 2022, https://myanmar-now.org/mm/news/10939

112 "အင်းစိန်ထောင်ရောက် ရိုဟင်ဂျာများ အရိုက်ခံရသည့်အပြင် အောက်ခြေသိမ်း လုပ်နေရ", *Myanmar Now*, December 16, 2022, https://myanmar-now.org/mm/news/13504

113 "၂၀၂၂ သည် ပင်လယ်ပြင်တွင် ရိုဟင်ဂျာသေဆုံးမှု အများဆုံးနှစ်များတွင် ပါဝင်", *The Irrawaddy*, December 27, 2021, https://burma.irrawaddy.com/news/2022/12/27/256912.html

114 "မဘသထိပ်သီးများကို အာဏာသိမ်းခေါင်းဆောင် ဆက်တိုက်တွေ့ဆုံ", *Myanmar Now*, June 3, 2021, https://www.myanmar-now.org/mm/news/6989

115 "သမိုင်းလုပ်ခဲ့သည့် YMBA အသင်းကြီး၏ လားရာ ဘယ်လဲဘာလဲ", *The Irrawaddy*, August 22, 2021, https://burma.irrawaddy.com/article/2021/08/22/245388.html

အရပ်သားအစိုးရလက်ထက်တွင် 'နိုင်ငံတော်အကြည်ညိုပျက်စေမှု'ဖြင့် တရားစွဲဆိုခံရသော်လည်း ဝရမ်းပြေး ဘဝဖြင့် လွတ်မြောက်နေကာ ၂၀၂၀ ဒီဇင်ဘာ ၂၈ ရက်မှသာ ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်အဖမ်းခံခဲ့သည့် ဘာသာရေးအမုန်းစကားဟောပြောလေ့ရှိသူ ဘူးလက်လုဆွေကို စစ်ကောင်စီက အာဏာသိမ်းရန်ကြိုးပမ်း သည့် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့ကတည်းက အာမခံဖြင့် လွှတ်ပေးထားခဲ့ပြီး မေလ ၁၁ ရက်နေ့တွင် အမှုကို ပိတ်သိမ်းခဲ့သည်။[116] ဦးဝီရသူပြီးလျှင် "အမုန်းစကား"ဒုတိယအပြောဆုံးဟု သတ်မှတ်ခံထားရသူ ဘူးလက် လု ဆွေသည် ထောင်မှလွတ်မြောက်ပြီးနောက် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးဂျင်မီ(ခ)ဦးကျော်မင်းယု နှင့် လွှတ်တော်အမတ် ဦးဖြိုးဇေယျာသော်တို့ကို စစ်တပ်က သေဒဏ်ဟူသော ခေါင်းစဉ်အောက်တွင် မတရား သတ်ဖြတ်ခဲ့ခြင်းကို ထောက်ခံသည့်ပွဲ၌ ဦးဆောင်ဟောပြောခဲ့သလို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကြံ့ခိုင်ရေး ပါတီ၏ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။[117] ထို့အပြင် အရပ်သားအစိုးရလက်ထက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ဖမ်းဆီးခံခဲ့ရသည့် ဘာသာရေးဆူပူလှုံ့ဆော်မှုများ ကမကထ လုပ်ဆောင်လေ့ရှိသည့် အခြေခံလူတန်းစားဘဝတိုးတက်မြင့်မားရေးပါတီအတွင်းရေးမှူး မိုက်ကယ်ကျော်မြင့်နှင့် ဗဟိုကော်မတီဝင် ဒေါ်မိုးမိုးခိုင်တို့နှစ်ဦးတို့ကိုလည်း ၂၀၂၁ မေလ ၁၈ ရက်နေ့တွင် စစ်ကောင်စီက အမှုများကိုရုပ်သိမ်းကာ ပြန် လွှတ်ပေးခဲ့သည်။[118]

ဘူးလက်လုဆွေတို့နည်းတူ "အမုန်းစကား"ပြောဆိုမှုကြောင့် တရားစွဲခံရ၍ ဝရမ်းပြေးဘဝဖြင့် ထွက်ပြေးတိမ်း ရှောင်နေရာမှ ၂၀၂၀ နိုဝင်ဘာလ ၂ ရက်နေ့ (ရွေးကောက်ပွဲပြုလုပ်ရန် ခြောက်ရက်အလို)တွင် လာရောက် အ ဖမ်းခံသည့် ကမ္ဘာကျော် ဘာသာရေးအစွန်းရောက်ပုဂ္ဂိုလ် ဦးဝီရသူကို စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းမှု အပြီး ခုနစ်လကျော်အကြာ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် အမှုရုပ်သိမ်းကာ လွှတ်ပေးခဲ့သည်။[119] ဘူးလက်လုဆွေနှင့် မိုက်ကယ်ကျော်မြင့်တို့ကို အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး မရှေးမနှောင်းတွင် လွှတ်ပေး ခဲ့သော်လည်း ဦးဝီရသူကို မဘသများ မျှော်လင့်နေသလို တော်ရုံဖြင့်မလွှတ်ဘဲ ခုနစ်လအကြာမှသာ လွှတ်ပေး ခဲ့ခြင်းဖြစ်သည်။ ဦးဝီရသူကို ၂၀၂၁ မေလမှစ၍ စစ်ဆေးရုံတွင် ဆေးကုသရန်ဟုဆိုကာ စက်တင်ဘာတွင် စစ် ကောင်စီ၏ ရန်ကုန်တိုင်းဒေသကြီးအစိုးရက အမှုရုပ်သိမ်းပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ဦးဝီရသူနှင့် ပတ် သက်၍ စစ်ကောင်စီက သဘောတူညီချက်အချို့ပြုလုပ်ပြီးမှသာ သူ့ကိုလွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု အမျိုးသား ရေးရင်းမြစ်များက ဆိုသည်။ ယင်းသဘောတူညီချက်များတွင် ထောင်မှလွတ်မြောက်ပြီးမှ တရားဆက် ဟောမည့်အရေး၊ ၎င်း၏ လုံခြုံရေးကိစ္စတို့ ပါဝင်သည်။[120] ဦးဝီရသူသည် ထောင်မှလွတ်မြောက်ပြီး တနှစ် ကျော်အကြာ ပထမဆုံးတရားပွဲကို ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်ရှိ သက်တမ်းရင့် စစ်တပ်ထောက်ခံရွာတရွာ၌ ပြုလုပ်ခဲ့ပြီး ထိုတရားပွဲကို ရဲများက သေနတ်ငါးချက်ဖောက်၍ အောင်ပွဲခံခဲ့သည်။[121] ဦးဝီရသူကို ထိုပွဲသို့ ရဲနှင့် စစ်သားများ လိုက်ပို့ခဲ့ပြီး လိုက်လံပို့ဆောင်သူများတွင် မိုက်ကယ်ကျော်မြင့်လည်း ပါဝင်သည်။[122]

---

116 "ဘူးလက်လုဆွေအမှုကို အာဏာသိမ်းစစ်ကောင်စီက ပိတ်သိမ်း", *The Irrawaddy*, May 20, 2021, https://burma.irrawaddy.com/news/2021/05/20/242006.html

117 "ဝရမ်းပြေး ထောင်ထွက် ဘူးလက်လုဆွေ နေပြည်တော် ကြံ့ခိုင်ရေးဥက္ကဋ္ဌဖြစ်လာ", *Myanmar Now*, November 10, 2022 https://myanmar-now.org/mm/news/13164

118 "မိုက်ကယ်ကျော်မြင့်နှင့် ဒေါ်မိုးမိုးခိုင်တို့၏ အမှုများ စစ်ကောင်စီက ရုပ်သိမ်းပေး", *The Irrawaddy*, May 19, 2021 https://myanmar-now.org/mm/news/13164

119 "စစ်တပ်ကို ဘုရားလို ကိုးကွယ်ခိုင်းခဲ့သော်လည်း ဆက်လက်ထိန်းသိမ်းခံထားရသူ", *Myanmar Now*, July 10, 2021, https://myanmar-now.org/mm/news/7402

120 "ဦးဝီရသူကို သဘောတူညီချက်သုံးချက်ဖြင့် စစ်ကောင်စီ ပြန်လွှတ်", *Myanmar Now*, September 6, 2021, https://myanmar-now.org/mm/news/8253

121 "စစ်ကောင်စီလက်ထက် ဦးဝီရသူ ပထမဆုံးတရားပွဲကျင်းပပြီး သေနတ်ဖောက်အောင်ပွဲခံ", *DVB*, October 27, 2021, https://burmese.dvb.no/archives/561000

122 Ibid.

ထိုကဲ့သို့သော အမျိုးသားရေးအစွန်းရောက်ပုဂ္ဂိုလ်များ၊ ဘာသာရေးဆူပူလှုံ့ဆော်သူများကို အကျဉ်းထောင်မှ ပြန်လွှတ်ပေးနေချိန်တွင် တဖက်တွင်လည်း စစ်တပ်လက်ဝေခံ ကြံ့ခိုင်ရေးပါတီတခုလုံး၏ အရေးအကြီးဆုံးနေရာတခု၌လည်း စစ်ဗိုလ်လူထွက် အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုများ၏ ကြိုးကိုင်တဦး နေရာရလာခဲ့သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကြံ့ခိုင်ရေးပါတီညီလာခံပြီးစီးခဲ့ပြီး စစ်အာဏာရှင် အဆက်ဆက်လက်ထက် ရဲချုပ်၊ ဦးသိန်းစိန်လက်ထက်တွင် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးခင်ရီက ကြံ့ခိုင်ရေးပါတီ၏ ဥက္ကဋ္ဌဖြစ်လာသည်။[123] ဦးခင်ရီသည် န၀တ၊ နအဖ လက်ထက် ၂၀၀၃ ဒီပဲယင်းအရေးအခင်း၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတို့တွင် စွမ်းအားရှင်များကို လက်နက်တပ်ဆင်ပေးခဲ့သူ ဖြစ်သည်။ ထို့အပြင် အသွင်ကူးပြောင်းရေးကာလတွင်လည်း မဘသလှုပ်ရှားမှုများကို အဓိက ကြိုးကိုင်ကာ၊ တပ်ထောက်ခံပွဲများနှင့် သာသနာရေးဝန်ကြီး ဦးအောင်ကို နုတ်ထွက်ရေး ဆန္ဒပြပွဲများကို အဓိကစီစဉ်ခဲ့သူ ဖြစ်သည်။[124] သမ္မတရုံးဝန်ကြီးဟောင်း ဦးစိုးသိန်း၏ စာအုပ်အရ ဦးခင်ရီသည် စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းခါနီးအချိန် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၁ မှ ဖေဖော်ဝါရီ ၁ ရက်နေ့အထိ ရန်ကုန်မြို့၌ စစ်တပ်ထောက်ခံပွဲ ၁၁ ပွဲ၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ ဖေဖော်ဝါရီ ၂၅ ရက်နေ့အတွင်း ၁၁ ပွဲ၊ စုစုပေါင်း ၂၂ ပွဲ စီစဉ်ခဲ့သည်။[125] ထို တပ်ထောက်ခံခွဲ၊ အာဏာသိမ်းထောက်ခံပွဲများတွင် ပါဝင်သူများသည် တုတ်၊ ဓား၊ လက်နက်များ  ကိုင်ဆောင်ကြသလို အနီးနားရှိလူများ၊ ရှုတ်ချသူများကို ရန်ပြုကာ မော်တော်ယာဥ်နှင့် ပစ္စည်းများကို ဖျက်ဆီးခဲ့ကြသည်။ ပါတီဥက္ကဋ္ဌဖြစ်လာပြီးနောက် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့တွင် ဦးခင်ရီသည် ပါတီဥက္ကဋ္ဌအနေဖြင့် တပ်ကုန်းမြို့နယ်ရှိ ပါတီဝင်များနှင့်တွေ့ဆုံစဉ်ယခင်က အမျိုး၊ ဘာသာ၊ သာသနာရေးလှုပ်ရှားမှုများကို ပြုလုပ်ခဲ့ခြင်း ရည်ညွှန်းကိုးကားကာ စစ်တပ်ကသာအာဏာသိမ်းရန်မကြိုးပမ်းခဲ့ပါက "ဒီအချိန်မှာ ခင်ဗျားတို့အိမ်မှာ ဘုရားစင်တောင်ရှိမှာမဟုတ်ဘူး"ဟု ပြောကြားသည်။[126] ထို့အပြင် နိုဝင်ဘာလ ၂၂ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ပါတီဝင်များနှင့် တွေ့ဆုံရာတွင်လည်း ဦးခင်ရီက တော်လှန်ရေးဆင်နွှဲနေသူများကို ရှုတ်ချပြီး ပါတီဝင်များကို "မျက်ရည်ကိုသုတ် ဓားကိုဆုပ်ပြီး ရှေ့တလှမ်းတိုးကြပါစို့"ဟု ဆော်သြပြောဆိုခဲ့သည်။[127]

စစ်တပ်က အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက် စစ်ကောင်စီ၏ ဒေါက်တိုင်တခုအဖြစ် စစ်ခေါင်းဆောင်၏ ဘွဲ့ထူးလက်ဆောင်ပဏ္ဏာများဖြင့် မြှောက်စားမှုကိုခံယူပြီး စစ်ခေါင်းဆောင်ကို သိဒ္ဓိတင်ပေးနေသည့် ဗုဒ္ဓဘာသာသံဃာတော်တပါးလည်း ရှိပေသည်။ ထေရ်ကြီးဝါကြီး ဗုဒ္ဓဘာသာအကျော်အမော် ရဟန်းတပါးဖြစ်သည့် သီတဂူဆရာတော် အရှင်ဉာဏိဿရသည် ဘာသာရေးပဋိပက္ခများနှင့်ပတ်သက်၍ မှတ်ချက်ပေးရာတွင် အစ္စလာမ်ဘာသာဝင်များကို ညှော်သည်အဖြစ်ခိုင်းနှိုင်းကာ ဗုဒ္ဓဘာသာဝင်များကို အိမ်ရှင်အဖြစ် ခိုင်းနှိုင်းခဲ့ဖူးသလို ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလဆိုသော ဦးသိန်းစိန်အစိုးရလက်ထက်မှစတင်၍ တက်လာသည့် အစိုးရများနှင့်အဆင်ပြေအောင်နေခြင်း၊ စစ်တပ်နှင့် ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်ခြင်း၊ နိုင်ငံရေးကိစ္စများတွင်ဝင်ရောက်ပါဝင်ပြောဆိုခြင်း၊ ဘာသာရေးအစွန်းရောက်အချို့ကို နှစ်လိုသည့်သဘောဖြင့် ဆက်ဆံခြင်းတို့ ပြုလုပ်လာခဲ့သည်။ ထင်ရှားသော ဖြစ်ရပ်တခုအနေဖြင့် ရိုဟင်ဂျာလူမျိုးသုဥ္စသတ်ဖြတ်မှုဖြစ်ပွားသည့် ၂၀၁၇ ခုနှစ်တွင်

123 "အာဏာရှင်တို့၏ လက်စွဲတော် လက်မရွံ့ဦးခင်ရီ", *Myanmar Now*, October 19, 2022, https://myanmar-now.org/mm/news/12946

124 Ibid

125 "ရမ်းကားရိုင်းစိုင်းသော တပ်ထောက်ခံပွဲများ ဦးခင်ရီ စီစဥ်", *The Irrawaddy*, December 22, 2021, https://burma.irrawaddy.com/news/2021/12/22/248308.html

126 "၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုအပြင် အမျိုးဘာသာသာသနာနှင့် အိမ်တိုင်းတွင် ဘုရားစင်မပျောက်ရေး စစ်တပ်အာဏာသိမ်းမှု ဖြစ်ပေါ်ဟု ခင်ရီက လှည့်လည်ဟောပြော", *Khit Thit Media*, November 4, 2022, https://www.facebook.com/khitthitnews/photos/a.386800725090613/1643197502784256/?type=3

127 "USDP ဥက္ကဋ္ဌက တော်လှန်ရေးကို ချေမှုန်းရန် ကတိပြု", *The Irrawaddy*, November 26, 2022, https://burma.irrawaddy.com/news/2022/11/26/256269.html

သီတဂူဆရာတော်သည် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဘုရင့်နောင်တပ်မြို့တွင် စစ်သားများနှင့် တပ်မိသားစုများကို တရားပွဲ ဟောပြောသည်။ တရားပွဲတွင် သီတဂူဆရာတော်ဟောပြောသည့် သီရိလင်္ကာ(ယခင်က သီဟိုဠ်)နိုင်ငံ၏ ဒုဋ္ဌဂါမဏိဇာတ်တွင် ဒုဋ္ဌဂါမဏိမင်းသည် 'ကျေးကုလား'များကို နိုင်ငံအတွက် သန်းနှင့်ချီပြီး သတ်ဖြတ်ခဲ့၍ အကုသိုလ်အတွက် စိုးရိမ်ပူပန်မှုဖြစ်နေချိန်တွင် သံဃာတော်များက နန်းတော်သို့ကြွရောက်လာပြီး သူသတ်ဖြတ်ခဲ့သည့် သန်းပေါင်းများစွာတွင် ငါးပါးသီလဆောက်တည်သူက တယောက်၊ ငါးပါးသီလနှင့် သရဏဂုံ ဆောက်တည်သူကတယောက်သာ ပါကြသည်ဖြစ်၍ "လူပီသသူ"၊ "လူစင်စစ်"မှာ တယောက်နှင့်တပိုင်းသာဖြစ်သည်ဟူသော ဇာတ်ကြောင်းကိုဟောပြောကာ၊ ထိုဇာတ်ကြောင်း ကိုကိုးကား၍ စစ်တပ်နှင့် သံဃာသည် မဟာမိတ်များဖြစ်ကြောင်း၊ စစ်တပ်များသည် နိုင်ငံအတွက်သာလျှင် မဟုတ်ဘဲ ဘုရားသာသနာအတွက်လည်း စစ်တိုက်ရကြောင်းနှင့် မြန်မာစစ်တပ်မှ စစ်သားများလည်း နိုင်ငံတော်နှင့်သာသနာအတွက်စစ်တိုက်ခြင်းဖြစ်ပါစေရန် တိုက်တွန်းကြောင်းပြောကြားပြီး တရားပွဲကို နိဂုံးချုပ်ခဲ့သည်။[128] သီတဂူဆရာတော်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းသည့်လုပ်ရပ်နောက်ပိုင်းတွင် စစ်တပ်နှင့် စစ်ခေါင်းဆောင် မင်းအောင်လှိုင်ကို ပေါ်ပေါ်ထင်ထင် မြှောက်စားလာခဲ့သည်။ စစ်ကောင်စီတပ်များ၏ နေ့စဉ်နှင့်အမျှ ပြည်သူလူထုများစွာကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်နေမှုများနှင့်ပတ်သက်၍ တခွန်းတလေမျှပင် ဖွင့်ဟထုတ်ဖော်ပြောခြင်း မပြုလုပ်ရုံမက သီတဂူဆရာတော်သည် မင်းအောင်လှိုင်၏ အဆောင်အယောင်များကိုလက်ခံကာ မင်းအောင်လှိုင်ကိုလည်း ချီးကျူးထောပနာပြုသည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက်နေ့ မဘသဘာသာရေးအစွန်းရောက်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ အင်းစိန်ရွာမ ဆရာတော် ဦးတိလောကာဘိဝံသကို စစ်ခေါင်းဆောင်က သာသနာတော်ဆိုင်ရာ အမြင့်ဆုံး ဘွဲ့တံဆိပ်ချီးမြှင့်သည့် အခမ်းအနားတွင် သီတဂူဆရာတော်က မင်းအောင်လှိုင်ကို "သဒ္ဓါ၊ ပညာ အားကောင်းတဲ့မင်း"ဟု ချီးမွမ်းခဲ့သည်။[129] ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ဂါယာမြို့၊ မဟာဗောဓိစေတီတော်သို့ရောက်ရှိစဉ် တရားဟောရာ၌လည်း ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သံဃာတော်အပါး ၅၀၀ ခြံရံကြွချီခြင်းသည် အယူအဆမတူသည့် ဘာသာရေးဂိုဏ်းများ လုပ်ကြံသတ်ဖြတ်မည်ကို စိုးရိမ်သောကြောင့်ဖြစ်မည်ဟု ယူဆကြောင်း ထည့်သွင်းပြောကြားခဲ့ရာ အခြားဘာသာများနှင့် ဗုဒ္ဓဘာသာအကြား သံသယပွား၊ စိုးရိမ်စိတ်တိုးပွားစေခဲ့သောကြောင့် ဝေဖန်မှုလည်း ရှိခဲ့သည်။[130]

## ၄.၃။ အစွန်းရောက်၊ အကြမ်းဖက် အဖွဲ့အစည်းများ ထွက်ပေါ်လာခြင်း

စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက်ပိုင်းတွင် အမျိုးသားရေးဒေါက်တိုင်များ ပြန်လည်ဦးမော့၊ အားကောင်းလာသလို နာမည်အသီးသီးဖြင့် ဖွဲ့စည်းသည့် အကြမ်းဖက်အဖွဲ့အစည်းများလည်း အမြောက်အမြားပေါ်ထွက်လာသည်။ ယင်းအဖွဲ့များတွင် 'ပျူစောထီး'ဟူသော အဖွဲ့အစည်းလည်း ပါဝင်သည်။ ပျူစောထီးကို ၂၀၂၁ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မန္တလေးမြို့၌ လျှို့ဝှက်ဖွဲ့စည်းခဲ့သည်ဟု ပျူစောထီးအဖွဲ့(ဗဟို)က ၂၀၂၁

128 "တပ်နှင့်သံဃာ ညီညွတ်ရမည်ဟု သီတဂူဆရာတော် မိန့်ကြား", *Frontier*, November 1, 2017, "USDP ဥက္ကဋ္ဌက တော်လှန်ရေးကို ချေမှုန်းရန် ကတိပြု", *The Irrawaddy*, November 26, 2022, https://burma.irrawaddy.com/news/2022/11/26/256269.html

129 "သီတဂူဆရာတော်က စစ်ကောင်စီခေါင်းဆောင်ကို ချီးကျူး", *The Irrawaddy*, March 22, 2022, https://burma.irrawaddy.com/article/2022/03/22/250765.html

130 "သီတဂူဆရာတော်ရဲ့ဟောပြောချက်နဲ့ ရွှေဝါရောင်ဆရာတော်တွေရဲ့ အမြင်", *RFA*, January 3, 2023, https://www.rfa.org/burmese/program_2/monk-myanmar-military-01032023152950.html

မေလ ၁၅ ရက်နေ့တွင် ထုတ်ပြန်သည်။[131] ပျူစောထီးအဖွဲ့သည် ဒေသတခုတည်းကို အခြေစိုက်လှုပ်ရှားသည့် အဖွဲ့မဟုတ်ဘဲ မဘသကဲ့သို့ ကွန်ရက်ဆန်ဆန် ဒေသအလိုက် သဘောထားတူသူများဖြင့် ဖွဲ့စည်းသော အဖွဲ့ ဖြစ်သည်။ မဘသနှင့် မတူသည်မှာ အကြမ်းဖက်မှုများကို ပို၍ပေါ်ပေါ်ထင်ထင်နှင့် ပြင်းပြင်းထန်ထန် လက်ရောက်လုပ်ဆောင်ခြင်း ဖြစ်သည်။

ပျူစောထီးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန် အချက်ငါးချက်ရှိပြီး ယင်းအချက်များ၏ အဓိကအနှစ်သာရမှာ စစ်တပ်ကို ဆန့်ကျင်သူများ၏ သတင်းထောက်လှမ်းရန်၊ ဒလန်အဖြစ်စွပ်စွဲခံရသူများကို ကာကွယ်ရန်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ဆန္ဒပြပွဲများကို ဦးဆောင်နေသူများ၏ စာရင်းနှင့် သတင်းပြုစုရန်၊ လက်နက်ပြုလုပ်သူများနှင့် စစ်သင်တန်းတက်သူများကို စုဆောင်းပေးရန်နှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်များကို အကူအညီပေးရန် တို့ဖြစ်သည်။[132] လက်တွေ့ပြင်ပတွင် ပျူစောထီးများသည် ထိုရည်ရွယ်ချက်များပါအချက်များထက် ကျော်လွန်ကာ အကြမ်းဖက်မှုများ၊ စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ခါးပိုက်ဆောင်တပ်အဖြစ် ဆောင်ရွက်နေမှုများရှိသည်။ စစ်ကောင်စီ၏ အကြမ်းဖက်မှုများကြောင့် လက်နက်ကိုင်တော်လှန်ရေးအသွင်ပြောင်းလာသော ဒေသများရှိရွာများ၌ စစ်ကောင်စီတပ်များ၏ မြေပြင်ထိုးစစ်များတွင် လိုက်လံထိုးစစ်ဆင်ခြင်း၊ စစ်ကောင်စီတပ်သားများနှင့် အတူ ရွာများကို မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိသည်။[133] ထို့အပြင် အမျိုးသားရေး အစွန်းရောက်ဝါဒီ ဘုန်းကြီးများ၏ ကမကထ ဆောင်ရွက်မှုနှင့်အတူ စစ်ကောင်စီတပ် သို့မဟုတ် ပျူစောထီးများက ရွာများတွင် စစ်သင်တန်းများ အတင်းအဓမ္မပေးကာ တက်ခိုင်းနေပြီး သင်တန်းမတက်ပါက လစဥ်ငွေ ငါးသိန်းပေးရမည်ဟု ခြိမ်းခြောက်အကျပ်ကိုင်မှုများလည်း ရှိနေသည်။[134] ပျူစောထီးကို ဦးစီးဆောင်ရွက်နေသည့် ဘုန်းကြီးများအနက် ဦးဝါသဝ ဆိုသော ဘုန်းကြီးမှာ ထင်ရှားပြီး PDF ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ထောက်ပံ့သည့် ရွာများကို "မြန်မာပြည်မြေပုံထဲက ဖျောက်သင့်"သည်ဟု သူက ကြုံးဝါးထားသည်။[135] ၅၅၀ ဆရာတော်ဟု နာမည်ကြီးသည့် မဘသ အဖွဲ့ဝင် ဦးဝါသဝသည် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်းတွင် အားကောင်းကောင်းဖြင့်ပေါ်ပေါက်လာသည့် ဗမာလူမျိုးများ၏ ခုခံတော်လှန်ရာဒေသဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကန့်ဘလူ၊ ကျွန်းလှနှင့် တန့်ဆည်မြို့များရှိ ကျေးရွာများသို့သွားရောက်ကာ PDF များကို တိုက်ခိုက်ရန် ပျူစောထီးတပ်များကို အတင်းအဓမ္မဖွဲ့စည်းနေခြင်းဖြစ်သည်။ "စစ်သင်တန်း မတက်သူများ သည် အကြမ်းဖက်ဘက်တွင် နေချင်သူများဖြစ်သည်"ဟုလည်း သူကစွပ်စွဲလေ့ရှိသည်။[136]

ပျူစောထီးထွက်ပေါ်ပြီးနောက် မရေးမနှောင်းတွင် ထွက်ပေါ်လာသည့် နောက်ထပ်ထင်ရှားသော အဖွဲ့မှာ 'သွေးသောက်အဖွဲ့'ဖြစ်သည်။ သွေးသောက်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် PDF နှင့် မြို့ပြပျောက်ကြားအဖွဲ့များ၏ မိသားစုဝင်များကို ပြန်လည်သတ်ဖြတ်ကာ လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်းကို စစ်ကောင်စီကိုလိုလားသူ Telegram channel များမှတဆင့် သတင်းများဖြန့်လာခဲ့ပြီး ထိုတနေ့တည်း၌ သွေး

131 "ပျူစောထီးအဖွဲ့ဟာ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ၊ ဘယ်သူတွေနဲ့ ပတ်သက်နေလဲ", *BBC News*, September 25, 2021, https://www.bbc.com/burmese/world-58679321

132 Ibid

133 ကိုချို, "ပေါက်မြို့တွင် စစ်တပ်နှင့် ပျူစောထီး မီးရှို့သဖြင့် အိမ်ရာချီ မီးလောင်", *Myanmar Now*, March 4, 2022, https://myanmar-now.org/mm/multimedia/10668

134 သူရမောင်, "ဘုန်းကြီးများစီစဥ်သော စစ်သင်တန်းနှင့် ပျူစောထီးအဖွဲ့များ", *Myanmar Now*, November 6, 2022, https://myanmar-now.org/mm/multimedia/10668

135 "PDF ထောက်ခံသည့်ရွာများကို မြန်မာ့မြေပုံမှ ဖွယ်ရှားရန် ပျူစောထီးဘုန်းကြီး ကြုံးဝါး", *Myanmar Now*, June 15, 2022, https://myanmar-now.org/mm/news/11657

136 "စစ်ကိုင်းတိုင်း ပျူစောထီးအဖွဲ့တွေကို ဦးဆောင်နေတဲ့ ဦးဝါသဝ", *The Irrawaddy*, August 5, 2022, https://www.youtube.com/watch?v=Pwz4UjxcGzA

သောက်အဖွဲ့ (MDY) ၏ 'အနီရောင်စစ်ဆင်ရေး'ကို ကြေညာထုတ်ပြန်ခဲ့သည်။[137] ပျူစောထီးအဖွဲ့က အစောပိုင်းတွင် စစ်ကောင်စီလုပ်အားပေးအဖွဲ့ကဲ့သို့ လုပ်ဆောင်ပြီး နောက်ပိုင်းတွင် ပြည်သူ့စစ်အသွင်၊ စစ်ကောင်စီခါးပိုက်ဆောင်တပ်အသွင်ဖြင့် ပိုမိုထင်ထင်ရှားရှားရပ်တည်လာချိန်တွင် သွေးသောက်အဖွဲ့က အကြမ်းဖက်လုပ်ရပ်များကို ပေါ်ပေါ်ထင်ထင် ကြေညာပြီး မြို့ပေါ်ဒေသများရှိ လူပုဂ္ဂိုလ်များကို အဓိက ပစ်မှတ်ထားတိုက်ခိုက်လာသည်။ သွေးသောက်အဖွဲ့သည် ၎င်းတို့၏ပစ်မှတ်များကို သတ်ဖြတ်ပြီးချိန်တွင် ရုပ်အလောင်းကိုလက်ပြန်ကြိုးတုပ်၍ သွေးသောက်အဖွဲ့၏ တံဆိပ်ကို လည်ပင်း၌ချိတ်ဆွဲကာ လမ်းမများပေါ်တွင် ပစ်ထားခဲ့သည့် နည်းလမ်းဖြင့်လည်း ရပ်ရွာအတွင်းရှိ ပြည်သူလူထုကို ဖြောင်ကျကျဖြင့် သွေးလန့်ချောက်ချားအောင်လုပ်ဆောင်လေ့ရှိသည်။[138] သွေးသောက်အဖွဲ့ ပေါ်လာပြီးနောက် မန္တလေးမြို့တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလလယ်ထိ အသတ်ခံထားရသူ ၂၀ ထက်မနည်းရှိပြီဟု သတင်းများက ဖော်ပြသည်။[139] အသတ်ခံရသူများတွင် NLD ပါတီဝင်များ၏ မိသားစုဝင်များ၊ NLD ပါတီကို ထောက်ခံသူများ ပါဝင်သည်။ အချို့သော ခေါ်စာခံများမှာ မည်သည့်အကြောင်းဖြင့် သတ်ဖြတ်ခံရသည်ကိုပင် မိသားစုဝင်များက မသိရှိကြပေ။

စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေးတာဝန်ခံ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပျူစောထီး၊ သွေးသောက်များနှင့် ပတ်သက်မှုမရှိကြောင်း အစောပိုင်းကာလ ဧပြီလတွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ငြင်းဆန်သည်။ ပျူစောထီးဟူသောအမည်သည် ကြံ့ခိုင်ရေးပါတီနည်းတူ ယခင် ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် အမျိုးသားကာကွယ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် 'ပျူစောထီး'ဟူသောအမည်ဖြင့် ပြည်သူ့စစ်အဖွဲ့နှင့် အမည်တူနေသည့် အထောက်အထားကို တွေ့ရှိရသည်။[140] [141]ထိုအချက်နှင့်ပတ်သက်၍လည်း ၂၀၂၁ ဇူလိုင်လ သတင်းစာရှင်းလင်းပွဲတခုတွင် ဇော်မင်းထွန်းက "အစိုးရအနေနဲ့ရော တပ်မတော်အနေနဲ့ပါ ဖဆပလလို ဒီမိုကရေစီအရေခြုံ အာဏာရှင် စနစ်ထူထောင်ဖို့ ခါးပိုက်ဆောင်တပ် ပျူစောထီးကို ဖွဲ့ခဲ့တာလည်း မရှိဘူး။ ... တပ်မတော်ဟာ သမိုင်းကြောင်း ကြေညက်ပြီး ဖြစ်ပါတယ်။ သမိုင်းကြောင်းအစာမကြေသူတွေသာ သမိုင်းဘီးကို နောက်ပြန်လှည့်ဖို့ ကြိုးစားနေတာဖြစ်ကြောင်း" တုံ့ပြန်ခဲ့သည်။[142] သို့ရာတွင် ပျူစောထီး၊ သွေးသောက်အဖွဲ့များကို စစ်ကောင်စီက ဖွဲ့စည်းနေသည်၊ ထောက်ပံ့ပေးနေသည်ဟူသော ယူဆချက်များ၊ ပျူစောထီး (ဗဟို)၏ ထုတ်ပြန်ချက်အရ ပျူစောထီးတွင် စစ်မှုထမ်းဟောင်းများနှင့် မဘသများပါဝင်နေသည်ဟူသော ဖော်ပြချက်များနှင့် ပျူစောထီးနှင့် စစ်ကောင်စီတပ်များ အရပ်သားပြည်သူများ၏ ရွာများကိုပူးပေါင်းစစ်ကြောင်းထိုးသည့် အထောက်အထားများစွာ ရှိနေသည်။ ထို့အပြင် သွေးသောက်အဖွဲ့ကို တည်ထောင်ရန် စတင်ဆော်သြခဲ့သူမှာ စစ်တပ်ထောက်ခံသူ၊ အမျိုးသားရေးအစွန်းရောက် မိုက်ကယ်ကျော်မြင့် ဖြစ်နေခြင်း၊ ဖွဲ့စည်းပြီးတနှစ်ကျော် အကြာတွင် စစ်တပ်ဖမ်းဆီးသွားသူများကို သွေးသောက်အဖွဲ့ကတ်ပြားများ ချိတ်လျက်သားဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည့် ဖြစ်စဥ်များကလည်း စစ်ကောင်စီနှင့် သွေးသောက်အဖွဲ့၏ ပတ်သက်မှုကို ဖော်ပြနေသည်။[143]

---

137 "သွေးသောက်အဖွဲ့နဲ့ မန္တလေးမြို့က ထူးဆန်းတဲ့ လူသတ်မှုများ", *BBC*, April 25, 2022, https://www.bbc.com/burmese/burma-61219804

138 မန္တလေးမှာ သွေးသောက်အဖွဲ့ စာတန်းနဲ့အတူ တစ်ရက်တည်း လေးဦး အသတ်ခံရ", *RFA*, September 12, 2022, https://www.rfa.org/burmese/news/mandalay-four-people-were-killed-in-a-single-day-along-with-the-slogan-of-blood-group-09122022034704.html

139 Ibid

140 John Buchanan, "Militia in Myanmar", *The Asia Foundation*, (2016)

141 "ပျူစောထီးအဖွဲ့ဟာ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ၊ ဘယ်သူတွေနဲ့ ပတ်သက်နေလဲ", *BBC News*, September 25, 2021, https://www.bbc.com/burmese/world-58679321

142 "ပျူစောထီးအဖွဲ့ကို စစ်တပ်က ဖွဲ့စည်းခြင်းမရှိဟု စစ်ကောင်စီပြော", *DVB*, July 27, 2021, http://burmese.dvb.no/archives/545324

143 "စစ်တပ်ဖမ်းသွားသူများကို သွေးသောက်ကတ်ပြားချိတ်၍ အလောင်းစွန့်ထား", *The Irrawaddy*, October 5, 2022, https://burma.irrawaddy.com/news/2022/10/05/255088.html

## ၄.၄။ အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် အမုန်းစကားများအပေါ် ယေဘုယျတွေ့ရှိချက်

စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် နိုင်ငံတဝန်း အကြမ်းဖက်မှုများနှင့် အကြမ်းဖက်မှုကို အားပေးသည့် စစ်တပ်လက်ဝေခံများ၊ မဘသ အုပ်စုများ၊ သီးခြားအဖွဲ့အစည်းများသည် "အမုန်းစကား"များကို မရရသည့်ပလက်ဖောင်းများတွင် ဖြန့်ဝေလာကြသည်။ အဓိကအနေဖြင့် Facebook လူမှုမီဒီယာပေါ်တွင် အမျိုးသားရေးအစွန်းရောက်များ၊ စစ်တပ်နှင့် စစ်တပ်ချုပ်ကိုင်ထားသော ဌာန၊ အင်စတီးကျူးရှင်းများ ဖြုတ်ချခံရသဖြင့် စစ်ကောင်စီ ဝါဒဖြန့်ချိသူများနှင့် အမျိုးသားရေးအစွန်းရောက်များသည် Telegram messaging application ကို ပို၍ အာရုံစိုက်ပြီး ရွှေ့ပြောင်းလာကြသည်။ "အမုန်းစကား"ဖြန့်ဝေသူအုပ်စုများသည် အရပ်သားအစိုးရလက်ထက်ကတည်းက ၎င်းတို့၏ ပစ်မှတ်အုပ်စုနှင့် အကြောင်းအရာများကို အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက်တွင်လည်း အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖြန့်ဝေခဲ့ပြီး နွေဦးတော်လှန်ရေးတွင်ပါဝင်သည့် အင်အားစုအချို့ကိုလည်း ပစ်မှတ်အုပ်စုအဖြစ် "အမုန်းစကား"များဖြင့် တိုက်ခိုက်လာခဲ့သည်။

ပုံမှန်အားဖြင့် "အမုန်းစကား"ဖြန့်ဝေသူများသည် ဘာသာရေးကို အခြေခံသည့် "အမုန်းစကား"များတွင် OIC နှင့်ပြည်တွင်းခရစ်ယာန်ဘာသာဝင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချို့က ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ(PDF)များကို ရန်တိုက်ပေးကာ ဗုဒ္ဓဘာသာ ပပျောက်အောင်လုပ်ဆောင်နေသည်ဟူသော ဇာတ်ကြောင်းများဖြင့် ဖြန့်ဝေလာသည်။ ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းတွင်နွေဦးတော်လှန်ရေး အင်အားစုများမှ လက်နက်ကိုင်တော်လှန်ရေးအသွင်သို့ ပြောင်းလဲတော်လှန်ခဲ့ရာ ၎င်းတို့ကို စစ်ရေး၊ နည်းပညာပိုင်းတွင် ပံ့ပိုးသည့် တိုင်းရင်းသားလက်နက်ကိုင်များမှာလည်း ကချင်၊ ကရင် စသည်ဖြင့်ခရစ်ယာန်ဘာသာကို ကိုးကွယ်သောလူဦးရေများသည့် လူမျိုးစုလက်နက်ကိုင်များဖြစ်သည်။ တော်လှန်ရေးကိုပုံဖျက်တိုက်ခိုက်သူများ၊ တနည်းအားဖြင့် စစ်တပ်ထောက်ခံသည့် လော်ဘီများမှ ၎င်းတို့ကို ခရစ်ယာန်ဘာသာကို ခုတုံးလုပ်ကာ ဘာသာပြန့်ပွားရေးအတွက် တိုက်ပွဲတိုက်နေကြောင်း စသည်ဖြင့် ဝါဒဖြန့်ဝေမှုများ ရှိနေသည်။ တိုင်းရင်းသားဒေသရှိ လက်နက်ကိုင်များမှာ ခရစ်ယာန်များ၊ ခရစ်ယာန်စစ်တပ်များဖြစ်ပြီး၊ မြန်မာလူငယ်များကိုခရစ်ယာန်ဇာတ်သွင်းကာ မြန်မာစစ်တပ်ရှိ ဗုဒ္ဓဘာသာများကို တိုက်ခိုက်စေလိုခြင်းဖြစ်ကြောင်း ပုံဖော်တိုက်ခိုက်မှုများ ရှိလာခဲ့သည်။ ရိုဟင်ဂျာများနှင့်ပတ်သက်သည့် သတင်းများကို အမျိုးသားရေး အုပ်စု၊ စစ်တပ်ထောက်ခံသည့်အုပ်စုများက ဘာသာရေး၊ လူမှုရေးဝါဒမှိုင်းများဖြင့် တိုက်ခိုက်နေဆဲဖြစ်သည်။ ရိုဟင်ဂျာများကိုလည်း "ခိုးဝင်ဘင်္ဂလီများ"အဖြစ် ပုံဖော်နေဆဲဖြစ်သည်။ ရိုဟင်ဂျာများအပါအဝင် လူနည်းစု တိုင်းရင်းသားများ၏ ဆယ်စုနှစ်ပေါင်းများစွာ ခံစားခဲ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက်ပိုင်းတွင် မျက်ဝါးထင်ထင် တွေ့မြင်လာရသလို အညာဒေသတွင်လည်း စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကို ကိုယ်တိုင်ကြုံတွေ့၊ ကြားသိလာရပြီးနောက် လူများစုဗမာလူမျိုးများနှင့် ဗုဒ္ဓဘာသာဝင်များအကြား ရိုဟင်ဂျာအပါအဝင် လူနည်းစုမျိုးနွယ်များနှင့်ပတ်သက်၍ သဘောထားအမြင်ပြောင်းလဲမှု၊ စာနာမှုရှိလာသည်ကိုတွေ့ရသော်လည်း တနိုင်ငံလုံး အတိုင်းအတာဖြင့်ပြောင်းလဲမှုကို သိရှိရန် မလွယ်ကူသေးပေ။

အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် အမျိုးသမီးများအပေါ် တိုက်ခိုက်မှုများတွင် ထင်ရှားသည်မှာ နွေဦးတော်လှန်ရေးထဲတွင် ပါဝင်ခဲ့ပြီး အမည်ကျော်ကြားသည့် အနုပညာရှင်များ၊ မော်ဒယ်များကို အမည်တပ်ကာ တောထဲတွင် ပြည်သူ့ကာကွယ်ရေးတပ်များ PDF နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက ၎င်းတို့ကို မုဒိမ်းကျင့်ခြင်း၊ လိင်အာသာဖြေရန်အတွက် အသုံးပြုခြင်းများ ပြုလုပ်နေပြီဖြစ်ကြောင်း ပြောဆို

မှုများ တွေ့ရသည်။ ထပ်မံ၍ အလားတူ ကြည်လင်ပြတ်သားမှုမရှိသည့် လိင်ပိုင်းဆိုင်ရာပုံများ ဗီဒီယိုများသုံးကာ အမျိုးသမီးများလိင်ပိုင်းဆိုင်ရာ စော်ကားခံနေရကြောင်း ဖြန့်ဝေခြင်းများ၊ ဥပမာ အချို့သော အမျိုးသမီးအနုပညာရှင်များကို တောထဲတွင် ကိုယ်ဝန်ပျက်ကျခဲ့သည်ဟု ပြောဆိုကာ သတင်းမှားလွှင့်ခြင်းများ ရှိခဲ့သည်။

LGBTIQ+ များနှင့်ပတ်သက်လျှင် ယခင်အရပ်သားအစိုးရလက်ထက်ကတည်းက ဖြစ်ပေါ်လာသည့် ဖြစ်စဉ်များပေါ်အခြေခံ၍ "အမုန်းစကား"တိုက်ခိုက်မှုများ ကြိုကြားကြိုကြားရှိသော်လည်း အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်းတွင် LGBTIQ+ များသည် တော်လှန်ရေး၌ ယခုချိန်ထိ တစိုက်မတ်မတ် ဆက်လက်ပါဝင်နေဆဲ ဖြစ်ရာ ၎င်းတို့အပေါ် စဉ်ဆက်မပြတ်တိုက်ခိုက်မှုများ ရှိနေသည်။ NUG ၏ လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းကို ၎င်း၏ဖြစ်တည်မှုနှင့်ပတ်သက်၍ ၎င်းဝန်ကြီးဖြစ်ကာစဉ်ပင် နိုင်ငံရေးအင်အားစု နှစ်ဘက်စလုံးရှိ ထောက်ခံသူများ ကိုယ်တိုင်ပြောဆိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် စစ်တပ်လက်ဝေခံအုပ်စုများက ၎င်းနှင့် အခြားအမျိုးသားများတွဲ၍ရိုက်ထားသည့် ဓါတ်ပုံများကို ပြန်လည်မျှဝေကာ လိင်ပိုင်းဆိုင်ရာစော်ကားမှုများ ပြောဆိုတိုက်ခိုက်လျက်ရှိသည်။ အလားတူပင် အမျိုးသမီးဖြစ်တည်မှုနှင့်ပတ်သက်၍ NUG ဝန်ကြီးအချို့နှင့် တော်လှန်ရေးတွင်ပါဝင်နေသော အမျိုးသမီးများအပေါ် "အမုန်းစကား"တိုက်ခိုက်မှုများ ရှိလာသည်။

LGBTQI+ များ၊ အမျိုးသမီးများနှင့်ပတ်သက်လျှင် အလားတူပင် အချို့သော ဒီမိုကရေစီလိုလားသူများဘက်ကလည်း ဆင်တူယိုးမှားလုပ်ရပ်များ ရှိခဲ့သည်။ စစ်ကောင်စီကို ဦးတည်တိုက်ခိုက်ရာ၌ တော်လှန်ရေးတွင် ပါဝင်နေသူများကိုယ်တိုင် LGBTQI+ များကိုထည့်သွင်း၍ "အမုန်းစကား"ပြောဆိုမှုများ ရှိခဲ့သည်။ စစ်ကောင်စီ၏ သတင်းနှင့်ပြန်ကြားရေး ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းစာရှင်းလင်းပွဲများတွင် လိမ်လည်ပြောဆိုနေခြင်းကို ကာတွန်းရေးဆွဲ၍တိုက်ခိုက်ရာတွင် ယောကျ်ားအရင့်အမာပုံဖြင့် ပန်းရောင်စကတ်ဝတ်ခြင်း၊ ခြေသလုံးမွေးများကို ထည့်သွင်းဆွဲခြင်းဖြင့် အမျိုးသားချင်းစုံမက်သူများကို ခွဲခြားဆက်ဆံစွာခေါ်ဝေါ်သည့် "အခြောက်"ဟူသော သဘောဖြင့် ပုံဖော်ခြင်း၊ "အခြောက်"ဖြစ်ခြင်းကြောင့် စကားမှန်မပြောခြင်း၊ လိမ်လည်ခြင်းအဖြစ် ပုံဖော်မှုများလည်း ရှိခဲ့သည်။ ထိုကာတွန်းကို အာဏာရှင်ကိုဆန့်ကျင်သည့် မီဒီယာအချို့တွင် ထည့်သွင်းဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် သတင်းနှင့် မီဒီယာသမားများကို ဖိနှိပ်မှုသည် ယခင်အစိုးရလက်ထက်ကတည်းက အစဉ်အဆက်ရှိခဲ့သည်။ အထင်ရှားဆုံးမှာ ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ ကိစ္စရပ်ပင်ဖြစ်သည်။ ရိုဟင်ဂျာများကို သတ်ဖြတ်မှုကို စုံစမ်းသတင်းရယူမှုအတွက် ရဲတပ်ဖွဲ့က ထောက်ချောက်ဆင်ဖမ်းဆီးခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ၎င်းတို့ဖြစ်စဉ်မှာ သတင်းလွတ်လပ်ခွင့်နှင့်မဆိုင်ကြောင်း ဖြေကြားခဲ့ဖူးသည်။[144] အာဏာသိမ်းရန်ကြိုးပမ်းမှုမတိုင်မီကာလများအတွင်း သတင်းမှန်ကို ထုတ်လွှင့်နေသော တနည်းအားဖြင့် စစ်တပ်၏ သရုပ်အမှန်ကို ဖော်ထုတ်နေသည့် DVB၊ Mizzima၊ Myanmar Now၊ 'ခေတ်သစ်' စသည့်မီဒီယာများကို တိုက်ခိုက်မှုများ ရှိခဲ့သည်။ တပ်ထောက်ခံပွဲတခုတွင် သတင်းလာရောက်ယူသော သတင်းသမားများကို ထောက်ခံပွဲလာရောက်သူများက ရိုက်နှက်မှုများ ဖြစ်ပွားခဲ့သည်။ ထို့နောက်တွင် "DVB သတင်းထောက်ဆိုတာနဲ့ တွေ့တဲ့ နေရာသတ်" ဟူသည့် လှုံ့ဆော်မှုများရှိခဲ့သည်။ အလားတူပင် Myanmar Now မှ ကိုဆွေဝင်းကိုလည်း ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်အကြမ်းဖက်ရန် လှုံ့ဆော်မှုများ ရှိခဲ့သည်။ အာဏာသိမ်းရန်ကြိုးပမ်းမှု နောက်တွင် မီဒီယာများအပေါ် တိုက်ခိုက်မှုများ သိသိသာသာ အားကောင်းလာသည်။ အစောပိုင်း အချို့ဆန္ဒပြပွဲများတွင် သတင်းယူသည့် သတင်းသမားများကို ဒလန်များအဖြစ် ပုံသွင်းပြောဆိုမှုကြောင့် ဆန္ဒပြပွဲမှလူများက ယုံမှားသံသယဖြင့် သတင်း

[144] "Aung San Suu Kyi defends verdict against Reuters journalists", *BBC News*, September 13, 2018, https://www.bbc.com/news/world-asia-45505482

များကို မှတ်တမ်းယူခြင်း၊ သတင်း Live လွှင့်ခြင်းများကို တားဆီးခြင်း၊ ပြဿနာရှာခြင်းနှင့် အခြားသော မလုံခြုံခြင်းများ ရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် စစ်ကောင်စီမှ ၎င်းတို့ကို ဆန့်ကျင့်သည့် မီဒီယာများကို တရားမဝင်ကြောင်းထုတ်ပြန်ခဲ့ပြီး လိုက်လံဖမ်းဆီးခြင်း၊ သတင်းသမားဖြစ်ခြင်းကြောင့် ဖိနှိပ်ခံရခြင်းများလည်း ရှိခဲ့သလို စစ်တပ်ထောက်ခံသူများနှင့် အမျိုးသားရေးအစွန်းရောက်များက မီဒီယာများကို ပြည်ဖျက်များ၊ အနောက်အုပ်စုခိုင်းတာလုပ်နေသူများအဖြစ်လည်း ပုံဖော်လေ့ရှိသည်။

အလားတူပင် CDM နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများမှာလည်း စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု၊ ခြိမ်းခြောက်မှုနှင့် မြေပြင်မှ စစ်ကောင်စီတပ်များ၏ အကြမ်းဖက်မှုများကို ရင်ဆိုင်နေရသလို စစ်ကောင်စီထောက်ခံသူများက လူမှုမီဒီယာများနှင့် Telegram တွင် ပုံဖျက်တိုက်ခိုက်ခြင်းများကိုလည်း ရင်ဆိုင်ကြရသည်။ CDM များ အကြမ်းဖက်သတ်ဖြတ်ခံရသည့် ဖြစ်စဥ်များမှ ပုံများကို ပြန်သုံးစွဲ၍ CDM လုပ်သူများကို ခြိမ်းခြောက်ဖြန့်ဝေမှုများလည်း ရှိခဲ့သည်။

စစ်တပ်ကိုတော်လှန်ခုခံရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အခြေစိုက်သည့် ပြည်နယ်များအပြင် ဗမာလူမျိုးအများစုနေထိုင်ပြီး ယခင်က စစ်ဘေးအတွေ့အကြုံမရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးသည် လက်နက်ကိုင်တော်လှန်ရေးတွင် အောင်မြင်သည့်ဒေသအဖြစ် ရှိလာခဲ့သည်။ ထိုအခြေအနေ၏ နောက်ဆက်တွဲအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မှတ်ပုံတင်ကိုင်ဆောင်သူ ငါးမျဉ်းစောင်း (၅/) များကို ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ပေါ်ရှိ လုပ်ငန်းများ၊ စားသောက်ဆိုင်များတွင် လက်မခံခြင်း၊ ဧည့်စာရင်းတိုင်ရာတွင် လက်မခံခြင်း၊ လမ်းသွားလမ်းလာဂိတ်များတွင် ပိုမို၍ စစ်ဆေးခံရခြင်းများရှိခဲ့သည်။ ၂၀၂၂ ဩဂုတ်လအတွင်း မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ လက်ဖက်ရည်ဆိုင်တွင် အလုပ်သမားခေါ်ယူရာ ၅/ ဆိုလျှင် အလုပ်လျှောက် လက်မခံကြောင်း ကြေညာမှုများရှိလာသလို အလားတူပင် အခြားသော မြို့များတွင်လည်း ၅/ မှတ်ပုံတင်ကိုင်ဆောင်သူများကို လက်မခံရန်၊ အလုပ်မခန့်ရန်၊ တည်းခိုခန်းများတွင် တည်းခွင့်မပေးရန် ပြောဆိုမှုများ ရှိခဲ့၏။

# အခန်း (၅)

## နိဂုံး

“အမုန်းစကား”ပြဿနာသည် မြန်မာနိုင်ငံတွင် ဖြေရှင်းရမည့် မြောက်များစွာသောကိစ္စများအနက်မှ တခုဖြစ်သည်။ ထို့အတူ “အမုန်းစကား”ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ငြိမ်းချမ်းရေး ဖော်ဆောင်မှု၊ ခွဲခြားဆက်ဆံမှုများမှသည် လူမျိုးသုဉ်းသတ်ဖြတ်မှုဖြစ်စဉ်အထိ ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြိုတင်တားဆီးရေး၊ လျှော့ချရေးတို့နှင့်လည်း တိုက်ရိုက်ဆက်စပ်နေသည်။

မြန်မာနိုင်ငံသည် “အမုန်းစကား”၏ ရိုက်ခတ်မှုကို သမိုင်းတလျှောက်ခံခဲ့ရသလို လက်ရှိအချိန်တွင်လည်း “အမုန်းစကား”နှင့် အမုန်းတရားအခြေခံသည့်ရာဇဝတ်မှုများ (hate crimes) များ၏ ဆိုးကျိုးအတွက် ကျူးလွန်သူများသည် တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့လစ်ဟာနေဆဲဖြစ်သည်။

“အမုန်းစကား”သည် နေ့ချင်းညချင်း ဖြေရှင်း၍ရသော ကိစ္စတရပ်မဟုတ်သလို မတူကွဲပြားမှုအပေါ် သဘောထားကြီးမှုနှင့် လူနည်းစုများအပေါ် လေးစားမှုတို့ မရှိသရွေ့ “အမုန်းစကား”ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ပေ။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော လူ့အဖွဲ့အစည်းတရပ်၌ “အမုန်းစကား”ဟုဆိုရာတွင် ခွဲခြားဆက်ဆံသော၊ ရန်လိုမုန်းထားသော၊ အကြမ်းဖက်ရန် လှုံ့ဆော်သော စကားလုံးများ၊ ထုတ်ဖော်ပြောဆိုမှုများသာမက နောက်ခံအခြေအနေပေါ်မူတည်ပြီး လူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်အသားအကျနေသည့် ခွဲခြားဆက်ဆံမှုဆိုင်ရာ အစွဲ၊ အမြင်၊ အတွေးအခေါ်အဆောက်အအုံတို့ကိုပါ ခွာချ၍ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။

ကြီးမားသော ပြုပြင်ပြောင်းလဲရေးတရပ် ဖော်ဆောင်ရန်အချိန်နှင့် အခြားသောရင်းမြစ်များစွာကို သုံးစွဲရမည်မှာ အမှန်ဖြစ်သည်။ အရပ်သားအစိုးရလက်ထက်တွင် “အမုန်းစကား”နှင့် ပတ်သက်၍ အစိုးရ၏ ရပ်တည်ချက်မပြတ်သားမှု၊ လူနည်းစုများကို “အမုန်းစကား”အန္တရာယ်ဒဏ်မှကာကွယ်ပေးရန် ပျက်ကွက်ခဲ့မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အလေးထားပါသည်ဆိုသော အစိုးရကိုယ်တိုင်က နိုင်ငံတော်လုံခြုံရေးကို အကြောင်းပြ၍ လူနည်းစု များအပေါ် စစ်တပ်၏အကြမ်းဖက်လုပ်ရပ်များကို လျစ်လျူရှုထားရုံသာမက သတင်းအမှားများဖြင့်လည်း ကာကွယ်ပေးမှု စသည်တို့သည် အကျည်းတန်သော အမှန်တရားများဖြစ်သည်။ သို့ရာတွင် အနာဂတ် လူ့အဖွဲ့အစည်းသစ်တရပ်ပေါ်ထွန်းရေးနှင့် “အမုန်းစကား”များ၏ အဓိကပင်မရေသောက်မြစ်များထဲမှ တခုဖြစ်

သည့် စစ်တပ်ကို ဖြုတ်ချရေးသည် လက်ရှိ နွေဦးတော်လှန်ရေးတွင် မြန်မာပြည်သူလူထု၏ သံန္နိဌာန်များအနက်မှ တခုဖြစ်ပေသည်။

ပြည်သူများ၏ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့်အတူ ပေါ်ပေါက်လာသည့် 'နွေဦးတော်လှန်ရေး'တွင် ကောင်းမွန်သော အပြောင်းအလဲအချို့လည်း ဖြစ်ပေါ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက ရိုဟင်ဂျာများအပေါ် လူမျိုးသုဉ်သတ်ဖြတ်မှုဖြင့် တရားစွဲဆိုထားသည့်အတွက် မြန်မာဘက်က NLD အရပ်သား အစိုးရလက်ထက်တွင် ကန့်ကွက်ခဲ့သည်များကို ပြန်ရုပ်သိမ်းကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ကြေညာထားသည်။[145] အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့မှ ဝန်ကြီးတဦးက ရိုဟင်ဂျာများအပေါ် ယခင်ကလူ့အခွင့်အရေးနှင့်ပတ်သက်၍ မလုပ်ဆောင်ခဲ့သည်များအတွက် တဦးတည်းအနေဖြင့် တရားဝင်တောင်းပန်သည်။[146] ထို့အပြင် သမ္မတရုံးပြောရေးဆိုခွင့်ရှိသူကလည်း ၂၀၁၇ ခုနှစ်က ကနေဒါ အထက်လွှတ်တော်လူ့အခွင့်အရေးကော်မတီတွင် သက်သေအဖြစ် ဆောင်ရွက်ခဲ့စဉ် မှားယွင်းထွက်ဆိုမိခဲ့ကြောင်း ဝန်ခံပြောကြားသည်။[147] ရိုဟင်ဂျာများအပေါ် စစ်တပ်က လူမျိုးသုဉ်းသတ်ဖြတ်ခဲ့ကြောင်းကိုလည်း အမေရိကန်အစိုးရက တရားဝင် အသိအမှတ်ပြုထားသည်။ မြန်မာနိုင်ငံအလယ်ပိုင်းမှ ဗမာလူမျိုးအများစုမှာလည်း စစ်တပ်၏ဆိုးယုတ်မှုများကို မျက်ဝါးထင်ထင်ကြုံတွေ့လာချိန်တွင် ရိုဟင်ဂျာများအပါအဝင် လူနည်းစုမျိုးနွယ်များ၏ ဘေးဒုက္ခများကို စာနာယုံကြည်လာကြသည်။ စစ်အာဏာရှင်အပါအဝင် အာဏာရှင်အမျိုးမျိုး အသုံးချခဲ့သည့် အမျိုးသားရေးမှိုင်း၊ ဘာသာရေးမှိုင်းများမှာလည်း ယခင့်ယခင်ကလောက် ပြည်သူလူထုကို လှည့်စားရန် အလုပ်မဖြစ်တော့ပေ။

၂၀၁၁ ခုနှစ်၌ စတင်ခဲ့သည့် မြန်မာ့နိုင်ငံ၏ "ဒီမိုကရေစီအသွင်ကူးပြောင်းရေး"သည် ၂၀၂၁ စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်အတူ တခန်းရပ်သွားခဲ့ပြီဖြစ်သော်လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွက် အလုံးစုံပြုပြင်ပြောင်းလဲရေးကား နွေဦးတော်လှန်ရေးနှင့်အတူ ပိုမိုသန်မာအားကောင်းလာနေသည်။ မြန်မာနိုင်ငံသည် လူမျိုးရေးအရရော ဘာသာရေးအရပါ စုံလင်ကွဲပြားမှုများပြားလှသည့် လူ့အဖွဲ့အစည်းတရပ်အနေဖြင့် ဆက်လက်ရှိနေဦးမည်ဖြစ်ရာ "အမုန်းစကား" ပြဿနာကို အခြား စုံလင်ကွဲပြားလူ့အဖွဲ့အစည်းများနည်းတူ ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရဦးမည်သာဖြစ်သည်။ "အမုန်းစကား"ကင်းစင်သော လူ့အဖွဲ့အစည်းတရပ် ထူထောင်နိုင်ရေးလုပ်ဆောင်ရာတွင် "အမုန်းစကား"များကို တန်ပြန်တိုက်ဖျက်သလို ကိုယ်တိုင်သည်လည်း "အမုန်းစကား"ပြောသူမဖြစ်ဖို့ သတိချပ်မိရန်လိုအပ်သည်။ ထို့ကြောင့် အပြောင်းအလဲကို မမိုတ်မသုန်ရှေးရှု၍ ချီတက်ရာတွင် "အမုန်းစကား"နှင့် ခွဲခြားဆက်ဆံသည့် အတွေးအခေါ်အပါအဝင် လူ့အဖွဲ့အစည်းအသစ်အတွက် အံမဝင်တော့သည့် အမြင်အဟောင်းများကို စွန့်ပစ်ထားခဲ့ရမည်သာဖြစ်သည်။

145 "ICJ မှာ NLD အစိုးရ ချေပချက်ကို NUG ရုပ်သိမ်းရတဲ့ ရည်ရွယ်ချက်", *VOA*, February 3 2022, https://burmese.voanews.com/a/rohingya-bangladesh-icj-nug/6424566.html

146 "NUG ဝန်ကြီး တိုင်းရင်းသားတွေနဲ့ ရိုဟင်ဂျာတွေကို တောင်းပန်", *VOA*, April 21 2022, https://mizzimaburmese.com/article/79250

147 "ရိုဟင်ဂျာတွေကို တောင်းပန်ကြောင်း NUG သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ပြော", *RFA*, September 14 2022, https://www.rfa.org/burmese/news/nug-president-office-said-that-he-apologized-to-the-rohingya-09142022040558.html